
# ရပ်ရွာအခြေပြုလူမှုအဖွဲ့အစည်းများနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းများ အတွက် စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းသင်တန်းလက်စွဲစာအုပ်။

ရည်ရွယ်ချက်
ဖွံ့ဖြိုးတိုးတက်မှုအတွက် စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းနှင့်ပတ်သက်သော
အမြင်သဘောထားများ၊ ကျွမ်းကျင်မှုများနှင့်ဗဟုသုတများပေးဆောင်ရန်။




**Developed by:**
Institutional Capacity Building Team
SHIELD Project
International Rescue Committee - Thailand

# မာတိကာ


**အချိန်ဇယား**........................................................................................................၃

စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းသင်တန်း၊ အကြိုစစ်ဆေးမှု..............................................၄

**အပိုင်း(၁)** ပေါင်းစည်းမှု ......................................................................................၅

**အပိုင်း(၂)** ပြန်နွှေးခြင်း.......................................................................................၇

**သင်ထောက်ကူစာစဥ်၂ - ၁** စီမံကိန်းစီမံခန့်ခွဲမှု၏ သော့ချက်ကျသောအဆင့်များ ......................................၁၁

**သင်ထောက်ကူစာစဥ်၂ - ၂** ကြောင်းကျိုးဆက်စပ် တွေးဆချက် .............................................................၁၂

**အပိုင်း(၃)** စောင့်ကြည့်လေ့လာခြင်းဆိုတာ ဘာလဲ။ ...................................................................၁၄

**သင်ထောက်ကူစာစဥ်၃ - ၁** စောင့်ကြည့်လေ့လာခြင်း ...................................................................၁၅

**အပိုင်း(၄)** ဆန်းစစ်သုံးသပ်ခြင်းဆိုတာ ဘာလဲ။ .........................................................................၁၆

**သင်ထောက်ကူစာစဥ်၄ - ၁** ဆန်းစစ်သုံးသပ်ခြင်း .........................................................................၂၀

**အပိုင်း(၅)** ညွှန်းကိန်းများကို ဖြစ်ထွန်းစေခြင်း ...........................................................................၂၁

**သင်ထောက်ကူစာစဥ်၅ - ၁** ညွှန်းကိန်းများ .....................................................................................၂၅

**သင်ထောက်ကူစာစဥ်၅ - ၂** လက်ငင်းရလဒ်၊ အကျိုးရလဒ်၊ သက်ရောက်မှု၊ ညွှန်းကိန်းများကိုဖြစ်ထွန်းစေခြင်း ..........၂၆

**သင်ထောက်ကူ စာစဥ်၅-၃** အရေးပါမှု၊ အကျိုးသက်ရောက်မှုနှင့် သက်ရောက်မှုညွှန်တံများကို ဖြစ်ထွန်းစေခြင်း.........၂၇

**အပိုင်း(၆)** စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းအတွက် အစီအစဉ်ဆွဲခြင်း......................၂၉

**သင်ထောက်ကူစာစဥ်၆ - ၁** စောင့်ကြည့်လေ့လာခြင်းအစီအစဉ်ကို ဖေါ်ဆောင်ခြင်း............................၃၅

**သင်ထောက်ကူစာစဥ်၆ - ၂** စောင့်ကြည့်လေ့လာခြင်းအစီအစဉ်ကို ဖေါ်ဆောင်ခြင်း.............................၃၆

**သင်ထောက်ကူစာစဥ်၆ - ၃** ဆန်းစစ်သုံးသပ်ခြင်း ပုံစံအမျိုးမျိုး..........................................................၃၉

**သင်ထောက်ကူစာစဥ်၆ - ၄** လက်တွေ့ဖြစ်ရပ်လေ့လာမှု ....................................................................၄၁

**သင်ထောက်ကူစာစဥ်၆ - ၅** ဆန်းစစ်သုံးသပ်ခြင်း အခြေခံများ.........................................................၄၄

**သင်ထောက်ကူစာစဥ်၆ - ၆** တာဝန်နှင့် လုပ်ပိုင်ခွင့်များ ......................................................................၄၅

**အပိုင်း(၇)** စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းအတွက် အချက်အလက်များစုဆောင်းခြင်း၄၈

**သင်ထောက်ကူစာစဥ်၇ - ၁** လူမှုသုတေသနနည်းနာအမျိုးမျိုး.........................................................၅၁

**အပိုင်း(၈)** အချက်အလက် ခွဲခြမ်းစိတ်ဖြာခြင်း .............................................................................၅၈

**သင်ထောက်ကူစာစဥ်၈ - ၁** အချက်အလက်ခွဲခြမ်းစိတ်ဖြာခြင်း.........................................................၆၁

**အပိုင်း(၉)** အစီရင်ခံခြင်း ................................................................................................၆၃

**သင်ထောက်ကူစာစဥ်၉ - ၁** ဆန်းစစ်သုံးသပ်ခြင်း အစီရင်ခံစာပုံစံ.....................................................၆၆

စောင့်ကြည့်လေ့လာခြင်း နှင့် ဆန်းစစ်သုံးသပ်ခြင်းသင်တန်း အဆုံးသတ်စစ်ဆေးမှု..............................၆၇

ရည်ညွှန်းချက်များ .......................................................................................................၆၈

**TIME-TABLE**

**အချိန်ဇယား**

| | ၉း၀၀ - ၁၀း၀၀ | | ၁၀း၄၅ မှ ၁၂း၀၀ | | ၁း၀၀ မှ ညနေ ၃း၀၀ | | ၃း၁၅ မှ ညနေ ၄း၃၀ |
|---|---|---|---|---|---|---|---|
| **ပထမနေ့** | • စာရင်းသွင်းခြင်း (၁၅ မိနစ်)<br>• အကြိုစစ်ဆေးမှု (၁၅ မိနစ်)<br>• ပေါင်းစည်းမှု (၁ နာရီ) | **ကော်ဖီသောက်ချိန်(၁၅ မိနစ်)** | • ပြန်နွေးခြင်း (၃၀-၄၅ မိနစ်)<br>• စောင့်ကြည့်လေ့လာခြင်းဆိုတာဘာလဲ (၃၀ မိနစ်) | **ကော်ဖီသောက်ချိန်(၁ နာရီ)** | • ဆန်းစစ်သုံးသပ်ခြင်းဆိုတာဘာလဲ (၃၀ မိနစ်)<br>• ညွှန်းကိန်းများကို ပြုစုခြင်း | **ကော်ဖီသောက်ချိန်(၁၅ မိနစ်)** | • ညွှန်းကိန်းများကို ပြုစုခြင်း |
| **ဒုတိယနေ့** | • စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်း အတွက် အစီအစဉ်ဆွဲခြင်း | | • စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်း အတွက် အစီအစဉ်ဆွဲခြင်း | | • စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်း အတွက် အစီအစဉ်ဆွဲခြင်း | | • ခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်း အတွက် အစီအစဉ်ဆွဲခြင်း |
| **DAY – 3 တတိယနေ့** | • အချက်အလက်စုဆောင်းခြင်း နည်းလမ်းများ | | • အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း အခြေခံနည်းနာများ | | • အစီရင်ခံခြင်း | | • နိဂုံးချုပ်အပိုင်း<br>• အဆုံးသတ်စစ်ဆေးမှု<br>• သင်တန်းဆိုင်ရာ ဆန်းစစ်သုံးသပ်ခြင်း |

## စောင့်ကြည့်လေ့လာခြင်း နှင့် ဆန်းစစ်သုံးသပ်ခြင်းသင်တန်း

.

ကျေးဇူးပြုပြီး သင့်မှာရှိပြီးဖြစ်သော နှံ့စပ်မှုနှင့် ကျွမ်းကျင်မှုတို့ကို သိရှိနိုင်ရန် အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁) စောင့်ကြည့်လေ့လာခြင်းဆိုတာဘာလဲ။

၂) ကျွန်ုပ်တို့ ဘာကြောင့် စောင့်ကြည့်လေ့လာမှု လုပ်ကြတာလဲ။

၃) ဘယ်သူတွေကို စောင့်ကြည့်လေ့လာမှုကို လုပ်ကြသလဲ။

၄) စောင့်ကြည့်လေ့လာမှုကို ဘယ်အချိန်မှာ လုပ်သလဲ။

၅) လုပ်ငန်းတခုကို စောင့်ကြည့်လေ့လာမှု လုပ်သည့်အခါတွင် အရေးတကြီး ကြည့်သင့်သည့်အရာတွေက ဘာတွေလဲ။

၆) ညွှန်ကိန်းတွေက ဘာတွေလဲ။ ကျေးဇူးပြုပြီး ညွှန်းကိန်း ဥပမာတခု ပေးပါ။

၇) ဆန်းစစ်သုံးသပ်ခြင်းဆိုတာ ဘာလဲ။

၈) ပုံမှန်အားဖြင့် ဆန်းစစ်သုံးသပ်မှုကို မည်သည့်ရည်ရွယ်ချက်အတွက် လုပ်တာလဲ။

၉) ပုံမှန်အားဖြင့် ဆန်းစစ်သုံးသပ်မှုကို ဘယ်အချိန်မှာ လုပ်သလဲ။

၁၀) သင်သိသော စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းလုပ်ရာတွင် ကိုင်စွဲသည့်နည်းလမ်း များကို ချရေးပြပါ။



# အပိုင်း ၁ - ပေါင်းစည်းမှု

| |
|---|
| စီစဉ်ဆွေးနွေးသူ/များ၊ တက်ရောက်လာသူ များ ကိုယ့်ကိုယ်ကို မိတ်ဆက်ကြ၊ အတွေ့အကြုံ ဖလှယ်ကြ အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်သည့် မျှော်လင့်သည်များကို ထုတ်ဖော်ပြောဆိုနိုင်ကြပါသည်။ |

**အချိန်** ၁ နာရီ

**ပစ္စည်းများ**- (၄ ပိုင်းဖြတ်) အေဖိုး စာရွက်၊ စာရွက်အကြီးများ၊ ရေးမှတ်စရာများ




## ဦးစွာလုပ်ရန်အဆင့်များ

**အဆင့် ၁** - တက်ရောက်လာသူများကို အုပ်စု ၂ ခု အညီခွဲဖို့ ပြောပါ။ အုပ်စု ၁၊ အုပ်စု ၂။

**အဆင့် ၂** - ထို့နောက် အေဖိုးစာရွက်များကို ၄ ပိုင်းဖြတ်ပြီး၊ သင်တန်းသားများ ကို တယောက် တပိုင်း ပေးပါ။

အောက်ပါအချက်များကို ချရေးဖို့ ပြောပါ။

- နာမည်
- မိခင်အဖွဲ့အစည်း
- ယခင်ကတည်းကရှိထားသည့် စောင့်ကြည့်လေ့လာခြင်း၊ ဆန်းစစ်သုံးသပ်ခြင်းနှင့် ဆိုင်သည့်အတွေ့အကြုံ

**အဆင့် ၃** - အားလုံးရေးပြီးသောအခါ အုပ်စုတခုနှင့်တခု မျက်နှာချင်းဆိုင်ရပ်ကြရန် ပြောပါ။

**အဆင့် ၄** - အုပ်စု အေ ကလူတွေကို မျက်နှာချင်းဆိုင်မှာ ရှိနေတဲ့ အုပ်စု ဘီ ကသူကို ကိုယ့်ကိုယ်ကို မိတ်ဆက်ရင်း သူ၏ကဒ်ကို ပေးရန်ပြောပါ။ အုပ်စု ဘီ ကလူကလည်း သူ့ကိုယ်သူ ပြန်မိတ်ဆက်ရင်း သူ့ကဒ်ကို ပြန်ပေးပါ။

**အဆင့် ၅** - အားလုံး တဦးနှင့် တဦး မိတ်ဆက်လို့ ပြီးသွားတဲ့အခါမှာ ကဒ်အလဲအလှယ်လုပ်ထားကြသည့် တတွဲစီသည် တတန်းလုံးသို့ သူ့မိတ်ဆွေအကြောင်းကို မိတ်ဆက်ပေးပါ။

## <u>အုပ်စုများ ဖွဲ့ခြင်း</u>

**အဆင့် ၆** - ဇန်နဝါရီလကစပြီး ကိုယ်မွေးဖွားသည့် လအစဉ်အလိုက်အတိုင်း ပြန်တန်းစီဖို့ အားလုံးကို ပြောပါ။ (အုပ်စု ၅ ခု ဖွဲ့ချင်တယ်ဆိုရင်) ၁ ကနေ ၅ အထိ ကိုယ့်နံပတ်ကိုယ် အော်ဖို့ ပြောပါ။ ထို့နောက် နံပတ်တူများကို စုထိုင်ဖို့ ပြောပါ။ သူတို့အုပ်စုအတွက် နာမည်တခုစီ ပေးခိုင်းပါ။ အုပ်စုထဲ ပါဝင်သူတွေဟာ ၃ ရက်လုံး ကိုယ့်အုပ်စုလိုက် အလုပ် အတူတူတွဲလုပ်ကြရတော့မည် ဖြစ်ကြောင်း ပြောပြပါ။

## <u>မျှော်လင့်ချက်များ</u>

**အဆင့် ၇** - ယခု အလုပ်ရုံဆွေးနွေးပွဲသည် လုပ်ငန်းစီမံခန့်ခွဲမှု နယ်ပယ်ထဲတွင်ရှိသည့် လုပ်ငန်များထဲမှ "**စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်း**ကို အဓိကထားဆွေးနွေးမည်ဖြစ်ကြောင်း တက်ရောက်လာကြသူများကို ပြောပြပါ။ စာရွက်အလွတ်ကြီးများ ပေါ်မှာ ယခုအလုပ်ရုံဆွေးနွေးပွဲနှင့်ဆိုင်သည့်စိုးရိမ်မှုများ၊ သူတို့ မြော်မှန်းချက်များကို ချရေးပြရန် ပြောပါ။ (၅ - ၁၀ မိနစ်)

**အဆင့် ၈** - အုပ်စုတိုင်း ရေးပြီးသည့်အခါတွင် တခြားအုပ်စုများ၏ မျှော်မှန်းချက်များ၊ စိုးရိမ်မှုများကို ဖတ်ကြည့်ပြီး၊ မိမိတို့ ရေးထားသည့်အချက်နှင့် တူတာတွေ့လျှင် ထိုအဖွဲ့၏နံပတ်ကို မိမိအချက်၏ဘေးတွင် ကွင်းစကွင်းပိတ်နှင့် ရေးထားပါ။


**အဆင့် ၉** - ထို့နောက် အလုပ်ရုံဆွေးနွေးပွဲ၏ ရည်မှန်းချက်များကို ပြောပြပါ။ သူတို့မျှော်မှန်းချက်သည် အလုပ်ရုံ ဆွေးနွေးပွဲ၏ ရည်မှန်းချက်များတွင် မပါဝင်လျှင် သူတို့ကို ဆွေးနွေးပြပါ။ စိုးရိမ်မှုများနှင့် ပတ်သက်ပြီး၊ စီစဉ်ဆွေးနွေးသူများက ဖြေရှင်းနိုင်သည်ဆိုလျှ င် ကျေးဇူးပြုပြီး သူတို့ကို အကြောင်းအကျိုးပြောပြပါ။ တက်ရောက်သူများက ဖြေရှင်းဖို့လိုအပ်သည်ဆိုလျှင်၊ တစုံတ ယောက်က စည်းမျဉ်းစည်းကမ်းကို ချိုးဖေါက်လျှင်(ဥပမာ- တယ်လီဖုန်းခေါ်သံများ၊ သင်တန်း ချိန် ) စသည်ဖြင့် တယောက်၊ နှစ်ယောက်ကြောင့် တတန်းလုံးကို ထိခိုက်စေသည့်အချက်များနှင့် ပတ်သက်လျှင် သင် တန်းအတွက် ဘယ်လို အခြေခံ စည်းကမ်း များချမှတ်ပြီး၊ ဘယ်လို အရေး ယူမလဲဆိုတာ ဆွေးနွေးပါ။

# အပိုင်း ၂ - ပြန်နွေးခြင်း

| |
|---|
| ဤအပိုင်းသည် စောင့်ကြည့်လေ့လာခြင်း နှင့် ဆန်းစစ်သုံးသပ်ခြင်း လုပ်ငန်းတွင် အသုံးပြုသော အသုံးအနှုန်းများနှင့် လုပ်ငန်းစီမံခန့်ခွဲမှု၏ အဓိကအဆင့်များကို ပြန်မှတ်မိရန် နွေးခြင်းဖြစ်သည်။ |


**အချိန်** - ၃၀ မိနစ် မှ ၄၅ မိနစ်ခန့်အထိ။

**ပစ္စည်းများ**- စာရွက်အချပ်ကြီးများ၊ ရေးမှတ်စရာများ၊ သင်ထောက်ကူ စာရွက်များ





**အဆင့် ၁** - ဦးဆောင်ဆွေးနွေးသူသည် လုပ်ငန်းစီမံခန့်ခွဲမှု အဓိကအဆင့်များကို မေးမြန်းခြင်းဖြင့် ဤအပိုင်းကို စတင်သည်။ ထို့နောက် သင်ထောက်ကူစာရွက် ၂.၁- စီမံကိန်း စီမံခန့်ခွဲမှုကို ဝေပြီး စီမံကိန်း ၊စီမံ ခန့်ခွဲမှု၏ အဓိကအဆင့်များကို ရှင်းလင်းပြသည်။

**လုပ်ငန်းစီမံခန့်ခွဲမှု၏ အဓိကအဆင့်များ**




*လုပ်ငန်းတခုကို စတင်အကောင်အထည် ဖော်သည့်အခါ နှင့် လုပ်ငန်းအကောင်အထည်ဖော်နေစဉ်မှာ လုပ်ငန်းဆောင်တာများကို လေ့လာစောင့်ကြည့်လေ့လာရန် လိုအပ်ပြီး ၊ ပုံမှန်အားဖြင့် လုပ်ငန်း၏ အဆုံးသတ်တွင် ဆန်း စစ်သုံးသပ်ဖို့ လိုအပ်ပါသည်။*




**အဆင့် ၂** - ဦးဆောင်ဆွေးနွေးသူသည် တက်ရောက်သူများကို သင်ထောက်ကူ ဇယားထဲ ရှိ ကွက်လပ်များကို ဖြည့်ဖို့ ပြောပါ။

ကြောင်းကျိုးဆက်စပ်တွေးဆချက်ဆိုသည်မှာ လုပ်ငန်းနှင့်ပတ်သက်သည့် အကြောင်းအကျိုးကို အနှစ်ချုပ်ဖော်ပြချက် ဖြစ်သည်။ ပုံမှန်အားဖြင့် ကြောင်းကျိုးဆက်စပ်တွေးဆချက်ကို အောက်ပါအတိုင်း ရေးသည်။

-------------------- နှင့် ---------------------- အစုံသည် ဤ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများတွင် (------------) အကျိုးဆက်ဖြစ်လိမ့်မည်။ အပြန်အလှန်အားဖြင့် ဤအရာများသည် လူတို့၏ ပြုမူပုံအပြောင်းအလဲများကို(----------------)ဖြစ်စေလိမ့်မည်။ ဖြစ်စေချင်သော --------------- ကို အကျိုးဖြစ်ထွန်းစေလိမ့် မည်။
(*ဆောင်ရွက်ချက်များ* **သက်ရောက်မှု**၊ *လက်ငင်းရလဒ်များ စိုက်ထုတ်မှုများ အကျိုးရလဒ်များ* )

**အဆင့် ၃** - ဥပမာပြပြီး၊ ကြောင်းကျိုးဆက်စပ်တွေးဆချက်တွင် အသုံးပြုသော အသုံးအနှုန်းများ အကြောင်းကို တက်ရောက်လာသူများနှင့် ဆွေးနွေးပါ။

ကြောင်းကျိုးဆက်စပ်တွေးဆချက်တွင် အသုံးပြုသော အသုံးအနှုန်းများ၏အဓိပ္ပါယ်ကို အောက်တွင် ဖော်ပြထားပါသည်။

**သက်ရောက်မှု** - လူများ၏ ကျန်းမာရေး၊ စီးပွားရေး သို့မဟုတ် လူမှုရေးအဆင့်ရှိ ပြောင်းလဲခြင်း။
**အကျိုးရလဒ်** - ဖြစ်စေချင်သော သက်ရောက်မှုကို ဖြစ်စေရန် လူများ၏ လိုအပ်သော ဗဟုသုတ၊ အမြင်သဘောထား၊ ကျွမ်းကျင်မှု၊ ရည်ရွယ်မှုများ သို့မဟုတ် အပြုအမူများ ပြောင်းလဲခြင်း။
**လက်ငင်းရလဒ်**- အကျိုးရလဒ်များ မဖြစ်ပေါ်ခင်မှာ ရှိထားရမည့် ထုတ်ကုန်များနှင့်ဝန်ဆောင်မှုများ။
**ဆောင်ရွက်ချက်များ** - လက်ငင်းရလဒ်များ ပေါ်ထွက်လာရန် လိုအပ်သည့် နည်းပညာပိုင်း၊ အထောက်အပံ့ပိုင်းနှင့် ပတ်သက်သည့် လုပ်ဆောင်ရန်တာဝန်များ။
**သွင်းအားစုများ**- သင်၏ ဆောင်ရွက်ချက်များကို အထောက်အကူဖြစ်စေရန် လိုအပ်သည့် အရင်းအမြစ်များ။ သွင်းအားစုများသည်(ဘဏ္ဍာရေး၊ ပေါ်လစီများ၊ ဝန်ထမ်းရေးရာ၊ ပစ္စည်းများ၊ ကိရိယာတန်ဆာပလာများနှင့် အထောက်အပံ့များ စသည်ဖြင့် ) လုပ်ငန်း/စီမံကိန်း၏ အခြေခံလိုအပ်သောအရာများဖြစ်သည့် အရင်းအမြစ်များကို ရည်ညွှန်းပါသည်။

**Causal Pathway Framework**
**ကျိုးကြောင်းဆက်နွယ်မှုကွင်းဆက်**

Design Direction
**လမ်းကြောင်း ပုံစံ**


← (design direction)

သွင်းအားစုများ → ဆောက်ရွက်ချက်များ → လက်ငင်းရလဒ် → အကျိုးရလဒ် →

→ အကောင်အထည်ဖေါ်မှု၊ စောင့်ကြည့်လေ့လာခြင်း နှင့် ဆန်းစစ်သုံးသပ်ခြင်း

| သွင်းအားစုများ → | ဆောက်ရွက်ချက်များ → | လက်ငင်းရလဒ် → | အကျိုးရလဒ် → | သက်ရောက်မှု |
|---|---|---|---|---|
| သင်တန်းဆရာများ<br>သင်တန်းသုံးပစ္စည်းများ<br>သင်တန်းသုံးတန်ဆာပလာများ<br>သင်တန်းခန်းမ<br>သင်တန်းတက်ရောက်သူများ<br>(စီဘီအိုများ/ အန်ဂျီအိုများမှ ဝန်ထမ်းများ) | စောင့်ကြည့်လေ့လာ နှင့် ဆန်းစစ် သုံးသပ်သင်တန်း နောက်ဆက်တွဲ သင်တန်း | စောင့်ကြည့်လေ့ လာနှင့်ဆန်းစစ် သုံးသပ်သင်တန်း တက်ရောက်သူများ<br>စောင့်ကြည့်လေ့ လာနှင့်ဆန်းစစ် သုံးသပ်ခြင်းကျွမ်း ကျင်မှုရသွားသူများ | ၎င်းတို့၏အဖွဲ့အစည်း များတွင် စောင့်ကြည့် လေ့လာခြင်းနှင့် ဆန်းစစ် သုံးသပ်ခြင်းကို ကျွမ်းကျင်စွာ အသုံးပြုသည့် ဝန်ထမ်းများ<br>စောင့်ကြည့် လေ့လာနှင့်ဆန်းစစ် သုံးသပ် ခြင်းတို့ကို ထိထိ ရောက်ရောက် လုပ်နိုင်သည့် ဝန်ထမ်းများ | ထိရောက်သည့် စောင့်ကြည့်လေ့လာ နှင့်ဆန်းစစ် သုံးသပ်ခြင်း စနစ်ဖြင့် တိုးတက်လာသည့် လုပ်ငန်း အရည်အသွေး |

## သင်ထောက်ကူ စာစဉ်- ၂ - ၁
## လုပ်ငန်းစီမံခန့်ခွဲမှု၏ အဓိကအဆင့်များ




*လုပ်ငန်းတခုကို စတင်အကောင်အထည် ဖေါ်သည့်အခါ နှင့် လုပ်ငန်း အကောင်အထည်ဖေါ်နေစဉ်မှာ လုပ် ငန်းဆောင်တာများကို လေ့လာစောင့်ကြည့်လေ့လာရန် လိုအပ်ပြီး ၊ ပုံမှန်အားဖြင့် လုပ်ငန်း၏ အဆုံးသတ်တွင် ဆန်းစစ်သုံးသပ်ဖို့ လိုအပ်ပါသည်။*

# သင်ထောက်ကူ စာစဉ် ၂ - ၂
# ကျိုးကြောင်းဆက်နွယ်မှုတွေးဆချက်

ကျိုးကြောင်းဆက်နွယ်မှုကွင်းဆက်ဆိုသည်မှာ လုပ်ငန်းနှင့်ပတ်သက်          သည့် အကြောင်းအကျိုးကို အနှစ်ချုပ်ဖော်ပြချက် ဖြစ်သည်။ ပုံမှန်အားဖြင့် ကြောင်းကျိုးဆက်စပ်တွေးဆချက်ကို အောက်ပါအတိုင်း ရေးသည်။


| |
|---|
| -------------------- နှင့် ----------------------- အစုံသည် ဤ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများတွင် (-------------) အကျိုးဆက်ဖြစ်လိမ့်မည်။ အပြန်အလှန်အားဖြင့် ဤအရာများသည် လူတို့၏ ပြုမူပုံအပြောင်းအလဲများကို(----------------)ဖြစ်စေလိမ့်မည်။ ဖြစ်စေချင်သော          ---------------     ကို အကျိုးဖြစ်ထွန်းစေလိမ့်မည်။ (*ဆောင်ရွက်ချက်များ* **သက်ရောက်မှု**၊ *လက်ငင်းရလဒ်များ သွင်းအားစုများ အကျိုးရလဒ်များ* ) |

ကြောင်းကျိုးဆက်စပ်တွေးဆချက်တွင် အသုံးပြုသော အသုံးအနှုန်းများ။

| |
|---|
| **သက်ရောက်မှု**-  လူတို့၏ ကျန်းမာရေး၊ စီးပွားရေး သို့မဟုတ် လူမှုရေးအဆင့်ရှိ ပြောင်းလဲခြင်း။<br>**အကျိုးရလဒ်** -  ဖြစ်စေချင်သော သက်ရောက်မှုကို ဖြစ်စေရန် လူများ၏ လိုအပ်သော ဗဟုသုတ၊ အမြင်သဘောထား၊ ကျွမ်းကျင်မှု၊ ရည်ရွယ်မှုများ သို့မဟုတ် အပြုအမူများ ပြောင်းလဲခြင်း။<br>**လက်ငင်းရလဒ်များ**-  အကျိုးရလဒ်များ မဖြစ်ပေါ်ခင်မှာ ရှိထားရမည့် ထုတ်ကုန်များနှင့်ဝန်ဆောင်မှုများ။<br>**ဆောင်ရွက်ချက်များ** -   ထွက်ရှိမှုများ ပေါ်ထွက်လာရန် လိုအပ်သည့် နည်းပညာပိုင်း၊ အထောက်အပံပိုင်းနှင့် ပတ်သက်သည့် လုပ်ဆောင်ရန်တာဝန်များ။<br>**သွင်းအားစုများ**  သင်၏ ဆောင်ရွက်ချက်များကို အထောက်အကူဖြစ်စေရန် လိုအပ်သည့် အရင်းအမြစ်များ။ စိုက်ထုတ်မှုများသည်(ဘဏ္ဍာရေး၊ ပေါ်လစီများ၊      ဝန်ထမ်းရေးရာ၊ ပစ္စည်း  များ၊ ကိရိယာတန်ဆာပလာများနှင့် အထောက်အပံများ စသည်ဖြင့်) လုပ်ငန်း/အစီအစဉ်၏ အခြေခံလိုအပ်သောအရာများဖြစ်သည့် အရင်းအမြစ်များကို ရည်ညွှန်းပါသည်။ |

## ကျိုးကြောင်းဆက်နွယ်မှုကွင်းဆက်

## လမ်းကြောင်းပုံစံ




| | | | | |
|---|---|---|---|---|
| သင်တန်းဆရာများ<br>သင်တန်းသုံးပစ္စည်းများ<br>သင်တန်းသုံးတန်ဆာပလာ များ<br>သင်တန်းခန်းမ<br>သင်တန်းတက်ရောက် သူများ(စီဘီအိုများ/ အန်ဂျီအိုများမှ ဝန်ထမ်းများ) | စောင့်ကြည့် လေ့လာခြင်းနှင့် ဆန်းစစ်သုံးသပ် သင်တန်း<br>နောက်ဆက်တွဲ သင်တန်း | စောင့်ကြည့်လေ့လာ ခြင်းနှင့်ဆန်းစစ်သုံး သပ်သင်တန်းတက် ရောက်သူများ<br>စောင့်ကြည့်လေ့လာ ခြင်းနှင့်ဆန်းစစ် သုံးသပ်ခြင်း ကျွမ်းကျင်မှုရသွားသူ မျာ | ၎င်းတို့၏အဖွဲ့အစည်း များတွင် စောင့်ကြည့်လေ့လာ ခြင်းနှင့် ဆန်းစစ် သုံးသပ်ခြင်းကို ကျွမ်းကျင်စွာ အသုံးပြုသည့် ဝန်ထမ်းများ<br>စောင့်ကြည့်လေ့လာ နှင့်ဆန်းစစ် သုံးသပ်ခြင်းတို့ကို ထိထိရောက်ရောက် လုပ်နိုင်သည့် ဝန်ထမ်းများ | ထိရောက်သည့် စောင့်ကြည့်လေ့ လာနှင့်ဆန်းစစ် သုံးသပ်ခြင်းစနစ် ဖြင့် တိုးတက် လာသည့် လုပ်ငန်း အရည်အသွေး |




## အပိုင်း ၃ - စောင့်ကြည့်လေ့လာခြင်းဆိုတာ ဘာလဲ။

| |
|---|
| ယခု သင်ခန်းစာ ပြီးဆုံးသွားသော အခါတွင်၊ သင်တန်းသားများသည် စောင့်ကြည့်လေ့လာခြင်း သဘောတရားများ နှင့် ကောင်းမွန်သော ညွှန်းကိန်းများကို မည်သို့ပြုစုဖန်တီးရမည်ကို နားလည် သွားပေလိမ့်မည်။ |

**အချိန် -** ၃၀ - ၄၅ မိနစ်

**ပစ္စည်းများ-** စာရွက်အချပ်ကြီးများ၊ ရေးမှတ်စရာများ၊ သင်ထောက်ကူစာရွက်များ




**အဆင့် ၁ -** ပိုင်းဝန်းဆွေးနွေး အဖြေဖေါ်ထုတ်ခြင်း (၁၅ - ၂၀ မိနစ်)

တက်ရောက်သူများကို အောက်ပါမေးခွန်းများကို မေးပါ။

- စောင့်ကြည့်လေ့လာခြင်းဆိုတာ ဘာလဲ။
- ဘာကြောင့် စောင့်ကြည့်လေ့လာခြင်း လုပ်ရတာလဲ။
- ဘယ်သူက စောင့်ကြည့်လေ့လာခြင်း လုပ်မှာလဲ။
- ဘယ်အချိန်မှာ စောင့်ကြည့်လေ့လာခြင်း လုပ်မှာလဲ။

တက်ရောက်လာသူများ၏ ဆွေးနွေးချက်များကို စာရွက်အချပ်ကြီးများ ပေါ်တွင် ချရေးထားပါ။ ထို့နောက် သင်ထောက်ကူ စာစဉ် ၃-၁ : စောင့်ကြည့်လေ့လာခြင်းကို ဝေပြီး၊ ဆွေးနွေးပါ။

*သင်ထောက်ကူ စာစဉ် ၃ - ၁*

# စောင့်ကြည့်လေ့လာခြင်း

**စောင့်ကြည့်လေ့လာခြင်းဆိုတာ ဘာလဲ။**

စောင့်ကြည့်လေ့လာခြင်းဆိုသည်မှာ လုပ်ငန်းတခုကို အကောင်အထည်ဖေါ်နေစဉ်အတွင်း လုပ်ငန်းနှင့် ပတ်သက်သည့် ဘက်ပေါင်းစုံမှ မှ ရရှိလာသော သတင်းအချက်အလက်များ အားလုံးကို စနစ်တကျ စုစည်းခြင်း ဖြစ်သည်။ စောင့်ကြည့်လေ့လာခြင်းကို *အတွင်းပိုင်း စောင့်ကြည့်လေ့လာခြင်း* (ဝန်ထမ်းများ၏ လုပ်ငန်းပိုင်းဆိုင်ရာ အရည်အသွေး ၊ လုပ်ငန်း တခုစီ အတွက် သတ်မှတ်ထားသော အသုံးစာရိတ်နှင့် အမှန်တကယ်ကုန်ကျသော အသုံးစာရိတ်၊ ထောက်ပံ့မှုပစ္စည်း ဝယ်ယူမှုဆိုင်ရာ အစီအစဉ်များ စသည်ဖြင့် )နှင့် *အပြင်ပိုင်း စောင့်ကြည့်လေ့လာခြင်း* (သတ်မှတ်ထားသော ဆောင်ရွက်ချက်များနှင့် အမှန်တကယ် ဆောင်ရွက်ချက်များ၊ သတ်မှတ်ထားချိန်းအတွင်း ဆောင်ရွက်ချက်များ၊ ရည်မှန်းထားသော စီမံကိန်းမှ အကျိုးကျေးဇူးရရှိသူများနှင့် အမှန်တကယ် အကျိုးကျေးဇူး ရရှိသူများ၊ စီမံ ကိန်း လုပ်ဆောင်မှု နယ်ပယ်အတွင်း ရှိ လူမှုအသိုင်းအ ဝိုင်းများ အတွင်း မရည်ရွယ်ထားသော အကျိုးရလဒ်များနှင့် မျှော်လင့် မထားသော ပြဿနာများ စသည့်ဖြင့် )။ အတွင်းပိုင်း နှင့် အပြင်ပိုင်း စောင့်ကြည့်လေ့လာမှု နှစ်ခုလုံးသည် လိုအပ်ပြီး အရေးကြီးသည်။

**ဘာကြောင့် စောင့်ကြည့်လေ့လာခြင်း လုပ်ရတာလဲ။**

ကျွန်ုပ်တို့သည် လက်ရှိအနေအထားတရပ်ကို ခွဲခြမ်းစိတ်ဖြာရန်၊ ပြဿနာများကိုသိပြီး အဖြေရှာရန်၊ ဦးတည်ရာများနှင့် ပုံစံများကို ရှာဖွေရန်၊ လုပ်ငန်းဆောင်ရွက်ချက်များကို သတ်မှတ်ထားသော အစီအဉ်အတိုင်း လုပ်ဆောင်ရန်၊ လုပ်ငန်းတိုးတက်မှုများကို တိုင်းတာရန်၊ အနာဂတ်ရည်ရွယ်ချက်၊ ရည်မှန်းချက်များကို ပြန်ပြုပြင်နည်းလမ်းရှာရန်၊ လူ၊ ဘဏ္ဍာ ရေးနှင့် ပစ္စည်းပစ္စယရင်းမြစ်များနှင့်ပတ်သက်သည့်ပြီး ဆုံးဖြတ်ချက်များ ချမှတ်ဆွေးနွေးမှုများ လုပ်ရန်အတွက် စောင့်ကြည့်လေ့လာခြင်းကို လုပ်ရပါသည်။ အမှန်တကယ်မှာ စောင့်ကြည့်လေ့လာခြင်းသည် ဆန်းစစ်သုံးသပ် သည့်အခါတွင် လိုအပ်သည့် သတင်းအချက်အလက်များ ပေးခြင်းနှင့် စီမံခန့်ခွဲမှုအတွက် အလွန် အသုံး ဝင်သော နည်းလမ်း တခု ဖြစ်ပါသည်။တနည်းဆိုရလျှင် စောင့်ကြည့်လေ့လာခြင်းဆိုသည်မှာ လုပ်ငန်းများ ဘယ်လို ဖြစ်နေသလဲဆိုတာကို စစ်ဆေးခြင်း နှင့် လက်တွေ့ဖြစ်ပေါ်မှုနှင့် ချမှတ်ထားသော အချက်များနှင့် ဘယ်လိုကွာဟမှုရှိသလဲဆိုတာ နှိုင်းယှဉ်ခြင်းပင် ဖြစ်ပါသည်။

**ဘယ်သူက စောင့်ကြည့်လေ့လာခြင်း လုပ်မှာလဲ။**

စောင့်ကြည့်လေ့လာခြင်းသည် လုပ်ငန်းဆောင်ရွက်သူ ဝန်ထမ်းများ၊ အကောင်အထည်ဖေါ်သည့်အဖွဲ့အစည်းနှင့် အလှူရှင်များ၊ အား လုံးနှင့်သက်ဆိုင်သည့် အလုပ်ဖြစ်သည်။ အထက်မှာ ပြောခဲ့သည့်အတိုင်း၊ စောင့်ကြည့်လေ့လာခြင်းသည် စီမံခန့်ခွဲမှုအတွက် အသုံး ဝင်ပါသည်။ လုပ်ငန်းမန်နေဂျာ သို့မဟုတ် လုပ်ငန်းညှိနှိုင်းဆောင်ရွက် သူသည် လုပ်ငန်းအား ဘက်အသီးသီးကို စောင့်ကြည့်လေ့လာခြင်း လုပ်ကြပါသည်။ (ရသုံးမှန်းခြေငွေစာရင်း၊ ဘဏ္ဍာ ရေး၊ ပစ္စည်းများ၊ ဝန်ထမ်းများ၊ ဆောင်ရွက်ချက်များ၊ အကျိုးရလဒ်များ၊ စသည်ဖြင့် ) သက်ဆိုင်ရာ ဝန်ထမ်းများသည်လည်း ထိုသူများ၏လက်အောက်တွင် ဝန်ထမ်းနှင့် တာ ဝန်ပိုင်းများကို စောင့်ကြည့်လေ့လာခြင်းအတွက် တာ ဝန်ယူကြသည်။ ဥပမာ - ဘဏ္ဍာရေးမန်နေဂျာက စာရင်းကို ငွေ နှင့် ငွေကိုင်တို့၏ လုပ်ငန်းနှင့် ပတ်သက်၍ လည်းကောင်း ဘတ်ဂျက်ခွင့်ပြုမှုနှင့် ပတ်သက်၍ လည်းကောင်း စောင့်ကြည့် လေ့လာမှု လုပ်ရသည်။ တချိန်တည်းတွင် အလှူရှင်ကိုယ်စားလှယ်များကလည်း ရည်မှန်းချက်များ၊ ရည်ရွယ်ချက်/သက်ရောက်မှုများကို ဦးတည်သည့် တိုးတက်မှုများကို တိုင်း တာရန် လေ့လာစောင့်ကြည့်ခြင်းကို လုပ်ရပါသည်။

**စောင့်ကြည့်လေ့လာခြင်းကို ဘယ်အချိန်မှာ လုပ်မှာလဲ။**

လုပ်ငန်းများကို အကောင်အထည်ဖေါ်ရန်ရေးဆွဲထားသည့် စီမံချက်ပေါ်မူတည်၍....

ဥပမာ - လစဉ်၊ ၂ လတကြိမ်၊ သုံးလတကြိမ်




## အပိုင်း ၄ - ဆန်းစစ်သုံးသပ်ခြင်းဆိုတာ ဘာလဲ။

ယခု သင်ခန်းစာ ပြီးဆုံးသွားသောအခါတွင်၊ သင်တန်းသားများသည် ဆန်းစစ်သုံးသပ်ခြင်း သဘောတရား နှင့်ပတ်သက်၍ နားလည်သွားပေလိမ့်မည်။

**အချိန် -** ၃၀ - ၄၅ မိနစ်

**ပစ္စည်းများ-** စာရွက်ချပ်ကြီး ၊ ရေးမှတ်စရာများ၊ သင်ထောက်ကူ စာစဉ်များ




**အဆင့် ၁ -** အားလုံးရှေ့တွင် တက်ရောက်လာသူများကို အောက်ပါမေးခွန်းများကို မေးပါ။ (၁၅ - ၂၀ မိနစ်)

- ဆန်းစစ်သုံးသပ်ခြင်းဆိုတာ ဘာလဲ။
- ဘာကြောင့် ဆန်းစစ်သုံးသပ်ခြင်း လုပ်ရတာလဲ။
- ဘယ်အချိန်မှာ ဆန်းစစ်သုံးသပ်ခြင်း လုပ်မှာလဲ။
- ဘယ်သူက ဆန်းစစ်သုံးသပ်ခြင်း လုပ်မှာလဲ။

ဦးဆောင်ဆွေးနွေးသူသည် သင်ထောက်ကူစာစဉ် ၄-၁ ကို ဖတ်ပြနိုင်သည်။ ဆန်းစစ်သုံးသပ်ခြင်းကို ပိုမိုနားလည်ရန် တက်ရောက်လာသူများနှင့်အတူ ဆန်းစစ်သုံးသပ်ခြင်း လုပ်ပါ။


**အဆင့် ၂-** တက်ရောက်လာသူများကို အောက်တွင် ပေးထားသည့် လုပ်ငန်းဆောင်ရွက်ချက် စက်ဝန်းကို ပြပါ။




ဆန်းစစ်သုံးသပ်/လေ့လာ/ ဆုံးဖြတ်။ စီမံချက်။ အကောင်အထည်ဖေါ်မှု။ စောင့်ကြည့်လေ့လာ။ တုံ့ပြန်မှု/လေ့လာ/ဆုံးဖြတ်/ချိန်ညှိ။ အကောင်အထည်ဖေါ်။ စောင့်ကြည့်လေ့လာ။ တုံ့ပြန်မှု/လေ့လာ/ဆုံးဖြတ်/ချိန်ညှိ။ အကောင်အထည်ဖေါ်။

**အဆင့် ၄** - ဦးဆောင်ဆွေးနွေးသူသည် အောက်ဖေါ်ပြပါ ရှင်းလင်းချက်နှင့် ဤအပိုင်းကို အဆုံးသတ်နိုင်ပါသည်။

| |
|---|
| စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းသည် လုပ်ငန်းတခုစကတည်းက ပြုလုပ်နေရမည့် အလုပ်များဖြစ်ပါသည်။ စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ် သုံးသပ်ခြင်း တို့သည် မော်ကြိမ်လုံးကို ဧ ဝှယမ်းလိုက်ရုံဖြင့် ပြဿနာများကို ပြေလည်သွား စေသည့်၊ ကုသပေးနိုင်သည့်၊ အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းထဲတွင် ပါ ဝင်နေသော အလုပ်များကို အားကြိုးမာန်တက် မဆောင်ရွက်ဘဲ အပြောင်းအလဲတွေ ဖြစ်သွားစေနိုင်သည့်အရာများ မဟုတ်သည်ကို တော့ သေသေချာချာမှတ်သားကြဖို့ အရေးကြီးပါသည်။ စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်လေ့လာခြင်းသည် လုပ်ငန်းတိုးတက်ကောင်းမွန်မှုအတွ က် အဖြေမဟုတ်ပါ သို့သော် ထိုအရာများသည် စီမံကိန်းတိုးတက်အောင်မြင်ရန် တန်ဖိုးရှိသော နည်းလမ်းများဖြစ်သည်။ |



*စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းတို့သည် အောက်ပါအချက်များကို ဖြစ်စေနိုင်ပါသည် -*

ပြဿနာများနှင့် ဖြစ်ပေါ်လာရသောအကြောင်းများကို ရှာဖွေရာတွင် အထောက်အကူဖြစ်စေသည်၊
ပြဿနာများဖြေရှင်းရန် ဖြစ်နိုင်ခြေရှိသော အဖြေများကို ပေးပါသည်၊
လက်ခံစဉ်းစားစရာနှင့် မဟာဗျူဟာအတွက် မေးခွန်းများထုတ်ကြည့်လို့ရသည်၊
ဘယ်ကိုသွားနေတာလဲ၊ ထိုနေရာတွင် ဘယ်လို ဖြစ်ပျက်လာနိုင်သလဲဆိုတာကို ထင်ဟပ်လာစေနိုင်ပါသည်၊
သတင်းအချက်အလက်များနှင့် အမြင်ကို အထောက်အပံ့ဖြစ်စေသည်၊
သတင်းအချက်အလက်နှင့် အမြင်များပေါ်တွင် ဆောင်ရွက်ရန် တွန်းအားပေးသည်၊
တမျိုးတဘာသာ အပြုသဘောဆောင်သည့် ဖြစ်ပေါ်တိုးတက်မှုကို ဖြစ်စေသည့် အခြေအနေကို
တိုးမြှင့်စေပါသည်။

# သင်ထောက်ကူစာစဉ် ၄ - ၁
# ဆန်းစစ်သုံးသပ်ခြင်း

**ဆန်းစစ်သုံးသပ်ခြင်းဆိုတာ ဘာလဲ။**

ဆန်းစစ်သုံးသပ်ခြင်းဆိုသည်မှာ အကောင်အထည်ဖေါ်နေသော သို့မဟုတ် ပြီးဆုံးသွားသော လုပ်ငန်းတခုနှင့် ပတ်သက်၍ ဓမ္မဓိဌာန်ကျကျ၊ စနစ်တကျ သုံးသပ်ခြင်းပင်ဖြစ်သည်။ ရာထား သတ်မှတ်ထား သည့် အကျိုးရလဒ်များနှင့် လုပ်ငန်းမှ ထွက်ပေါ်လာသော အကျိုးရလဒ်များကို နှိုင်းယှဉ်သုံးသပ်ပါသည်။

**ဘာကြောင့် ဆန်းစစ်သုံးသပ်ခြင်း လုပ်ရတာလဲ။**

ဆန်းစစ်သုံးသပ်ခြင်း၏ အဓိကကျသော ရည်ရွယ်ချက်မှာ စီမံကိန်း တခုသည် မျှော်မှန်းထားသော ရည်မှန်း ချက်များအတိုင်း အောင်မြင်မှုရှိ မရှိဆိုတာ သေသေချာချာ သိအောင်ရန်ဲ ဖစ်ပါသည်။ ကောက်ချက်များ ဆွဲ ခြင်းဖြင့်၊ ဆန်းစစ်သုံးသပ်ခြင်းသည် ယခုစီမံကိန်းအတွက် အနာဂါတ်တွင် တိုးတက်မှုရှိစေရန်အတွက် အကြံပြုချက်များပေးခြင်းနှင့် တခြားလုပ်ငန်းများအတွက် လေ့လာစရာသင်ခန်းစာများကို အထောက် အကူဖြစ်စေရန် ရည်ရွယ်ပါသည်။ တချို့ သောအဖွဲ့အစည်းကြီးများ သည် ဆန်းစစ် သုံးသပ်ခြင်း လုပ်ကြသည့် အခါတွင် သီးခြား စံသတ်ချက်မျကို အသုံးပြုကြသည်။


**ဘယ်အချိန်မှာ ဆန်းစစ်သုံးသပ်ခြင်း လုပ်မလဲ။**

ကာလအပိုင်းအခြားအားဖြင့်၊ စီမံကိန်း တဝက်ပြီးသည့်ကာလ၊ စီမံကိန်း အဆုံး(နောက်ဆုံး ဆန်းစစ်သုံးသပ်ခြင်း) နှင့် စီမံကိန်းပြီး နှစ်များ(ကာလလွန် ဆန်းစစ်သုံးသပ်ခြင်း)

**ဘယ်သူက ဆန်းစစ်သုံးသပ်ခြင်း လုပ်မှာလဲ။**


လုပ်ငန်းမန်နေဂျာ သို့မဟုတ် တာဝန်ပေးထားသော ဝန်ထမ်းက အတွင်းပိုင်းဆန်းစစ်သုံးသပ်ခြင်း လုပ်နိုင်သည်၊ အလှူရှင်/များ သို့မဟုတ် အကြံပေး/များက အပြင်ပိုင်း ဆန်းစစ်သုံးသပ်ခြင်း လုပ်နိုင်ပါသည်။

**လုပ်ငန်းဆောင်ရွက်မှု စက်ဝန်း**




ဆန်းစစ်သုံးသပ်/လေ့လာ/ ဆုံးဖြတ်။ စီမံချက်။ အကောင်အထည်ဖေါ်မှု။ စောင့်ကြည့်လေ့လာ။
တုံ့ပြန်မှု/လေ့လာ/ဆုံးဖြတ်/ချိန်ညှိ။ အကောင်အထည်ဖေါ်။ စောင့်ကြည့်လေ့လာ။
တုံ့ပြန်မှု/လေ့လာ/ဆုံးဖြတ်/ချိန်ညှိ။ အကောင်အထည်ဖေါ်။

စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းသည် လုပ်ငန်းတခုစကတည်းက ပြုလုပ် နေရမည့် အလုပ်များဖြစ်ပါသည်။ စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ် သုံးသပ်ခြင်း တို့သည် မော်ကြိမ်လုံးကို ဝှေ့ယမ်းလိုက်ရုံဖြင့် ပြဿနာများကို ပြေလည်သွား စေသည့်၊ ကုသပေးနိုင် သည့်၊ အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းထဲတွင် ပါဝင်နေသော အလုပ်များကို အားကြိုးမာန် တက် မဆောင်ရွက်ဘဲ အပြောင်းအလဲတွေ ဖြစ်သွားစေနိုင်သည့်အရာများ မဟုတ်သည်ကို တော့ သေသေချာချာမှတ်သားကြဖို့ အရေးကြီးပါသည်။ စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်လေ့လာခြင်းသည် လုပ်ငန်းတိုးတက်ကောင်မွန်မှုအတွက် အဖြေမဟုတ်ပါ သို့သော် ထိုအရာများသည် စီမံကိန်းတိုးတက်အောင်မြင်ရန် တန်ဖိုးရှိသော နည်းလမ်းများဖြစ်သည်။



*စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းတို့သည် အောက်ပါအချက်များကို ဖြစ်စေနိုင်ပါသည် -*

ပြဿနာများနှင့် ဖြစ်ပေါ်လာရသောအကြောင်းများကို ရှာဖွေရာတွင် အထောက်အကူဖြစ်စေသည်၊
ပြဿနာများဖြေရှင်းရန် ဖြစ်နိုင်ခြေရှိသော အဖြေများကို ပေးပါသည်၊
လက်ခံစဉ်းစားစရာနှင့် မဟာဗျူဟာအတွက် မေးခွန်းများထုတ်ကြည့်လို့ရသည်၊
ဘယ်ကိုသွားနေတာလဲ၊ ထိုနေရာတွင် ဘယ်လို ဖြစ်ပျက်လာနိုင်သလဲဆိုတာကို ထင်ဟပ်လာစေနိုင်ပါသည်၊
သတင်းအချက်အလက်များနှင့် အမြင်ကို အထောက်အပံ့ဖြစ်စေသည်၊
သတင်းအချက်အလက်နှင့် အမြင်များပေါ်တွင် ဆောင်ရွက်ရန် တွန်းအားပေးသည်၊
တမျိုးတဘာသာ အပြုသဘောဆောင်သည့် ဖြစ်ပေါ်တိုးတက်မှုကို ဖြစ်စေသည့် အခြေအနေကို တိုးမြှင့်စေပါသည်။



## အပိုင်း ၅ - ညွှန်းကိန်းများကို ဖေါ်ထုတ်ခြင်း

| ယခုသင်ခန်းစာ ပြီးဆုံးသောအခါ တက်ရောက်လာသူများသည် ညွှန်းကိန်းများကို ဖောထုတ်လာနိုင် လိမ့်မည်။ |
|---|

**အချိန် -** ၂ နာရီခွဲခန့်

**ပစ္စည်းများ**- (၄ ပိုင်းဖြတ်) အဖေါ်း စာရွက်၊ စာရွက်အချပ်ကြီးများ၊ ရေးမှတ်စရာများ



---

**အဆင့် ၁ -** ဤအပိုင်းကို "ညွှန်းကိန်း ဆိုသည်မှာ အဘယ်နည်း" ဆိုသည့်မေးခွန်းနှင့် စနိုင်ပါသည်။

| "**ညွှန်းကိန်းများသည်** စီမံကိန်း၏ ထိရောက်အောင်မြင်မှုကို ဆုံးဖြတ်ရန် သက်ရောက်မှု၊ အကျိုး ရလဒ် နှင့် လက်ငင်းရလဒ် **တို့အကြောင်းဖော်ပြသော အတိုင်းအတာယူနစ်များ ဖြစ်ကြပါသည်။** |
|---|

ညွှန်တံများသည် အောက်ပါအတိုင်းဖြစ်သင့်သည် -

- ကျင့်ဝတ်နှင့်ညီညွတ်မှု
- အသုံးဝင်မှု
- စနစ်တကျ အားစိုက်မှု
- အားထားရမှု
- နားလည်လွယ်မှု

ကောင်းမွန်သော ညွှန်တံများတွင် ဤအချက်များ ရှိသင့်ပါသည်၊၁) လက်တွေ့ကျမှု၊ ၂) အမှီခိုကင်းမှု၊ ၃) တိုင်းတာနိုင်မှု၊ ၄) ပစ်မှတ်ထားမှု။

အောက်ပါ ဥပမာများကို ပေးပြီး၊ ကောင်းမွန်သော ညွှန်ကိန်းများ ဟုတ် မဟုတ် မေးပါ။

**အဆင့် ၂ -** အုပ်စုများကို သင်ထောက်ကူ စာစဉ် ၅ - ၂ ကိုဖတ်ဖို့ ပြောပါ။ အလင်းရောင် ၏ ကျိုးကြောင်း ဆက်နွယ်မှု တွေးဆချက် ။ သက်ရောက်မှု (များ)၊ အကျိုးရလဒ် များ၊ လက်ငင်း ရလဒ်များကို တိုင်းတာရန် ညွှန်းကိန်းများကို ပြုစုပါ။
(အုပ်စုလိုက် ဆွေးနွေးချိန် ၁၅-၃၀ မိနစ် လုပ်ပြီး၊ အုပ်စုတခုစီက ၅ မိနစ်စီ တင်ပြပါ။)

**ဥပမာ -**

| | Yes ဟုတ် | No မဟုတ် |
|---|---|---|
| သေဆုံးမှုနှုန်း | | |
| ကျန်းမာရေးပညာပေး ပစ္စည်းများ | | |
| # STD (လိင်မှတဆင့်ကူးစက်သော ရောဂါ)ကုသမှုပေးသော ဆေးခန်းများ အရေအတွက် | | |
| #STD (လိင်မှတဆင့်ကူးစက်သော ရောဂါ)ကုသမှုစွမ်းရည် ကျေနပ်သော လူနာများ အရေအတွက် | | |
| # လေ့ကျင့်ပေးထားသော ပြည်သူ ကျန်းမာရေးဝန်ထမ်းများ အရေအတွက် | | |
| #နောက်ဆုံးစာမေးပွဲတွင် အနည်းဆုံးရမှတ် ၉၀% ရှိသည့် ကျောင်းသားများ | | |
| လိင်ဆိုင်ရာအကြမ်းဖက်မှုနှင့်ဆိုင်သော ဆွေးနွေးနစ်သိမ့်မှု | | |

ဥပမာ -

**သက်ရောက်မှုညွှန်းကိန်းများ**

- (စီမံကိန်းမစတင်မီ သတင်းအချက်အလက်နှင့် နှိုင်းယှဉ်ပြီး) ပစ်မှတ်ထားသည့် ဧရိယာများရှိ လူငယ်များကြားတွင် အိပ်ချ်အိုင်ဗွီ ကူးစက်မှုနှုန်း လျှော့ချခဲ့ခြင်း

**အကျိုးရလဒ် ညွှန်ကိန်းများ**

- (စီမံကိန်းမစတင်မီ သတင်းအချက်အလက်နှင့် စီမံကိန်းပြီးဆုံးသော အချိန် စစ်တမ်းယူကောက်ယူပြီး နှိုင်းယှဉ်ပြီး) မူးယစ်ဆေးဝါးသုံးစွဲသူများကြားတွင် တခါသုံးအပ်များ တိုးပွားလာခြင်း
- အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ် မည်သို့ကူးစက်တတ်သည်ကို နားလည်သဘောပေါက်သည့် လူငယ်အရေအတွက် တိုးများလာခြင်း

**လက်ငင်းရလဒ် ညွှန်းကိန်းများ**

✲ အရွယ်တူ ပညာပေးသူများ ဦးဆောင်ကျင်းပသည့် ကျန်းမာရေး ပညာပေး သင်တန်းများ

✲ ပစ်မှတ်ထားသည့်အသိုင်းအဝိုင်းတွင် လေ့ကျင့်ထားသည့် အရွယ်တူ ပညာပေးသူများ

တွက်ခြေကိုက်မှု၊ ထိရောက်အောင်မြင်မှုနှင့် သက်ရောက်မှုညွှန်းကိန်များကို ပြုစုခြင်း

**အဆင့် ၄** - သင်ကိုင်တွယ် ဖြေရှင်းရန် ကြိုးစားနေသော ပြဿနာအခြေအနေကို ဖော်ပြပါ။ အောက်ပါတို့သည် အလင်းရောင်အတွက် ပြဿနာများဖြစ်နိုင်ပါသည်။

- လူငယ်များတွင် အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ်နှင့် ပတ်သက်သော ကျန်းမာရေး အသိပညာ မရှိကြပါ။
- လူငယ်များကြားတွင် အပ်ကို အတူတူသုံးကြသည်။
- အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ် ဝေဒနာရှင်များသည် ကျန်းမာရေး ပြုစုစောင့်ရှောက်မှု မရကြပါ။
- အိပ်ချ်အိုင်ဗွီ ကူးစက်ပြန့်ပွားမှုနှုန်းသည် လူငယ်များကြားတွင် မြင့်တက်နေသည်။

**အဆင့် ၅** - သင် အောင်မြင်ချင်သည့် လုပ်ငန်းနှင့်ပတ်သက်သည့် မျှော်မှန်းချက် (သက်ရောက်မှု)ကို ပြုစုစေပါ။ ဤအချက်သည် သင့်ကို သက်ရောက်မှုညွှန်းကိန်းမျာ ပေးလိမ့်မ ည်။ "ပစ်မှတ်ထားသည့် ဧရိယာများတွင် ကျန်းမာသည့်လူငယ်များ "သည် အလင်းရောင်အတွက်၊ အဆုံးသတ် အကျိုးကျေးဇူး (မျှော်မှန်းချက်) ဖြစ်နိုင်ပါသည်။

ဘယ်အချက်က် ေမျှာ်မှန်းချက် အောင်မြင်ရရှိစေခဲ့ကြောင်း ဖော်ပြမလဲ။ ေ မှာ်မှန်းချက်ကို အောင်မြင်ရရှိစေခဲ့ပြီဟု"သက်သေ"ပြနိုင်ပြီး၊ တိုင်းတာပြနိုင်မည့်အချက် နှင့် မည်သည့် လက္ခဏာရပ်များကို မြင်ရမလဲ။

ဥပမာ - သင်၏ မျှော် မှန်းချက်သည် ရပ်ရွာရှိ လူငယ်များသည် ကျန်းမာ ကြမည်ဟု သတ်မှတ်ထားလျှင်၊ သင် ဘယ်လောက်အတိုင်းအတာထိ ကောင်းကောင်း လုပ်နိုင်သလဲ ဆိုသည်ကို တိုင်းတာရန် ကျန်းမာရေးညွှန်းကိန်းများ ကို သုံးနိုင်ပါသည်။ ငယ်ရွယ်သောသူများသည် အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ်ကြောင့် သေဆုံးမှု ပိုလျော့နည်းလာသလား။ အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ် ကူးစက်ခံရမှုနှုန်း လျော့ကျလာသလား။ ထိုမေးခွန်းများကို "ဖြစ်တယ်"လို့ ဖြေနိုင်လျှင် အခြေနေ ကောင်းမွန်နေပါသည်။

**အဆင့် ၆** - သင် ဘယ်လို အောင်မြင်ရရှိချင်သလဲဆိုတာအတွက် မျှော်မှန်းချက်ကို ရေးဆွဲပါ။ ဤအချက်သည် သင့်ကို လုပ်ငန်းစဉ် ညွှန်းကိန်းများကို ပေးပါလိမ့်မည်။

ဥပမာ- လူထုအသိုင်းအဝိုင်း၏ ပူးပေါင်းပါ ဝင် အားထု တ်မှုဖြင့် အောင်မြင်မှုကို ရယူလိုလျှင်၊ သင်၏ မျှော် မှန်းချက်တွင် ရ ပ်ရွာလူထုအသိုင်းအဝိုင်းမှ လေ့ကျင့်ထားသော ရွယ်တူတန်းတူ ပညာပေးသူများနှင့် ကျန်းမာရေးပညာပေးမှု၊ ဆွေးနွေးတိုင်ပင်ခြင်းကဏ္ဍနှင့် အားလုံး အသုံး ပြုနေကြသော တခြားလိုအပ်သည့် ကျန်းမာရေးစောင့်ေ ရှာက်မှုလုပ်ငန်းများကို ထောက် ပံ့ခြင်း တို့ ပါ ဝင်နိုင်ပါသည်။ ပစ်မှတ်ထားသည့်အသိုင်းအဝိုင်းသည် လုပ်ငန်းအတွက် သတ်မှတ်ထားသည့် ဆောင်ရွက်ချက်များအားလုံးနှင့် ပါ ဝင်ပတ်သက်နိုင်ခြင်း စသည်ဖြင့်လည်း ပါ ဝင်နိုင်ပါသည်။

**အဆင့် ၇** - အကျိုးသက်ရောက်မှု ညွှန်းကိန်း များကို ဖြစ်ထွန်းစေပါ။

ဥပမာ - သင်သည် လူငယ်များကြားတွင် တခါသုံးအပ်များ သုံးခြင်း၊ ကွန် ဒုံးသုံးခြင်းသည် အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ် ကူးစက်ပြန့်ပွားမှုနှုန်းကို လျှော့ချနိုင်သည်ဟု သင် ယုံကြည် သည်ဆိုလျှင်၊ စီမံကိန်းပြီးနောက်ပိုင်း ကောက်ယူထားသည့် သတင်းအချက်အလက်များများ နှင့် ကနဦး စစ်တမ်းကောက်ယူထား သည့် သတင်းအချက်အလက်များနှင့် ကို နှိုင်းယှဉ် ထားသည့် အထောက်အထားများဖြင့် သတ်မှတ်ထား သည့် ရပ်ရွာ အသိုင်းအဝိုင်းကြားတွင် တခါသုံးအပ်များနှင့် ကွန်ဒုံးများကို အသုံးပြုမှုမြင့်တက်လာသည့် အထောက်အထား များကိုပြရန် ညွှန်းကိန်းများ လိုအပ်ပါသည်။

**အဆင့် ၈** - သင်၏ အကျိုးသက်ရောက်မှုရှိသော ပစ်မှတ်များအတွက် ညွှန်းကိန်းများကို ဖြစ်ထွန်းစေပါ။

ဤနေရာတွင် သင်သည် ညွှန်းကိန်းများကို ယခုကဲ့သို့စီစဉ်နိုင်ပါသည် - သတ်မှတ်ထားသော အချိန်အတိုင်းအတာတခုအတွင်းမှာ အစီအစဉ်ဆွဲထားသော ကျန်းမာရေးပညာပေးမှု ကဏ္ဍ များကို လုပ်ဆောင်သည်။ ကျန်းမာရေးကဏ္ဍများနှင့် ဆေးထိုးအပ်၊ ကွန်ဒုံးများအတွက် ကုန်ကျစာရိတ်သည် တ ဦးလျှင် အမေရိကန်ဒေါ်လာ အများဆုံး ---------- အထိ သတ်မှတ် သုံးစွဲထားသည်။ ကျန်းမာရေး ပညာပေး ကဏ္ဍတခုကို ဖွဲ့စည်းကျင်းပရန် သုံးစွဲသည့် ဝန်ထမ်းများအချိန်စုစုပေါင်းမှာ ------------- ထက်မပိုပါ။ ကျန်းမာရေး ပညာပေးကဏ္ဍနှင့် ပက်သက်၍ စောဒကတက်မှုမရှိပါ၊ စသည်ဖြင့် ဖြစ်ပါသည်။

ဤလုပ်ဆောင်မှုအတွင်း၊ သင်သည် သက်ေ ရာက်မှု၊ အကျိုးရှိမှု၊ အရေးပါမှု တို့ကို စောင့်ကြည့်လေ့လာရန်၊ ဆန်းစစ်သုံးသပ်ရန် အခြေအနေတရပ်ကို ရပါသည်။

# သင်ထောက်ကူ စာစဉ် ၅- ၁
## ညွှန်းကိန်းများ

"**ညွှန်းကိန်းများသည်** စီမံကိန်း၏ ထိရောက်အောင်မြင်မှုကို ဆုံးဖြတ်ရန် သက်ရောက်မှု၊ အကျိုး ရလဒ် နှင့် လက်ငင်းရလဒ် **တို့အကြောင်းဖော်ပြသော အတိုင်းအတာယူနစ်များဖြစ်ကြပါသည်။**

ညွှန်တံများသည် အောက်ပါအတိုင်းဖြစ်သင့်သည် -

- ကျင့်ဝတ်နှင့်ညီညွတ်မှု
- အသုံးဝင်မှု
- စနစ်တကျ အားစိုက်မှု
- အားထားရမှု
- နားလည်လွယ်မှု

ကောင်းမွန်သော ညွှန်ကိန်းများတွင် ဤအချက်များ ရှိသင့်ပါသည်၊ ၁) လက်တွေ့ကျမှု၊ ၂) အမှီခိုကင်းမှု၊ ၃) တိုင်းတာနိုင်မှု၊ ၄) ပစ်မှတ်ထားမှု။

Please give the below examples and ask them if they are good indicators or not.
အောက်ပါ ဥပမာများကို ပေးပြီး၊ ကောင်းမွန်သော ညွှန်းကိန်းများ ဟုတ် မဟုတ် မေးပါ။

| | Yes ဟုတ် | No မဟုတ် |
|---|---|---|
| သေဆုံးမှုနှုန်း | | |
| ကျန်းမာရေးပညာပေး ပစ္စည်းများ | | |
| # STD (လိင်မှတဆင့်ကူးစက်သော ရောဂါ)ကုသမှုပေးသော ဆေးခန်းများ အရေအတွက် | | |
| #STD (လိင်မှတဆင့်ကူးစက်သော ရောဂါ)ကုသမှုစွမ်းရည် ကျေနပ်သော လူနာများ အရေအတွက် | | |
| # လေ့ကျင့်ပေးထားသော ပြည်သူ့ ကျန်းမာရေးဝန်ထမ်းများ အရေအတွက် | | |
| #နောက်ဆုံးစာမေးပွဲတွင် အနည်းဆုံးရမှတ် ၉၀% ရှိသည့် ကျောင်းသားများ | | |
| လိင်ဆိုင်ရာအကြမ်းဖက်မှုနှင့်ဆိုင်သော ဆွေးနွေးနစ်သိမ့်မှု | | |

## သက်ထောက်ကူစာစဥ်၅ -၂
## စိုက်ထုတ်မှု၊ အကျိုးရလဒ်၊ သက်ရောက်မှု ညွှန်တံများကို ဖြစ်ထွန်းစေခြင်း

**ကြောင်းကျိုးဆီလျှော်အောတွေးဆချက်**
အလင်းရောင်သည် ပစ်မှတ်ထားသည့် ဧရိယာများ တွင် လူငယ်များကြား ရောဂါရှိရန်အလားလာရှိသော အုပ်စုများကို သတ်မှတ်မည်။ ထို အုပ်စုများကြားတွင် ကျန်းမာရေးပညာပေးမှုလုပ်ရန် ရွယ်တူတန်းတူ ပညာပေးသူများကို လေ့ကျင့်ပေးမည်။ တချိန်တည်းတွင်၊ **အလရ** သည် အန္တရယ်ပိုများ‌ေ သာအုပ်စုများကြားတွင် ကွန်ဒုံးများနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများကို ဆေးထိုးအပ်များ ဖြန့်ဖြူးပေးမည်။ အလင်းရောင်သည် အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ် ေ ဝဒနာရှင်များ (PLHA)အတွက် ဆွေးနွေးညှိနှိုင်းတိုင်ပင်သည့် စင်တာများ ဖွင့်လှစ်ပေးမည်။ အလွယ်တကူ ဝင်ရောက်နိုင်သော ေ ရာဂါများကို ကုသမှုပေးရန် ရွေ့လျားဆေးခန်းများ ဖွင့်လှစ်ပေးမည်။ ထိုဆောင်ရွက်ချက်များသည် တခြားသူများသို့ အိပ်ချ်အိုင်ဗွီပိုး ပျံ့နှံ့ခြင်း သို့မဟုတ် အိပ်ချ်အိုင်ဗွီ ကူးစက်ခြင်းမှ ကာကွယ်နိုင်ရန်အတွက် လူငယ်များ၏ သဘောထားများနှင့် ဗဟုသုတတို့ကို ပြောင်းလဲ စေနိုင်ပ ါသည်။ ဆေးထိုးအပ်များ နှင့် ကွန်ဒုံးများကို လက်လှမ်းမီမှုများသည်လည်း လူငယ်များအတွင်း အန္တရာယ်ကင်းသော လိင်ဆက်ဆံမှု အလေ့နှင့် လူငယ်များ၏ အပြုအမူများကို ပြောင်းလဲနိုင်ပါသည်။ ထိုအပြောင်းအလဲများသည် ပစ်မှတ်ထားသည့်ဧရိယာများတွင် လူငယ်များကြား အိပ်ချ်အိုင်ဗွီ ကူးစက်ပျံ့ပွားမှုနှုန်းကို လျှော့ချနိုင်ရန် အကျိုးပြုလိမ့်မည်ဖြစ်ပါသည်။

ဥပမာ -

**သက်ရောက်မှုညွှန်းကိန်းများ**

- (စီမံကိန်းမစတင်မီ သတင်းအချက်အလက်နှင့် နှိုင်းယှဉ်ပြီး ) ပစ်မှတ်ထားသည့်ဧရိယာများရှိ လူငယ်များကြားတွင် အိပ်ချ်အိုင်ဗွီ ကူးစက်မှုနှုန်း လျှော့ချခဲ့ခြင်း

**အကျိုးရလဒ် ညွှန်ကိန်များ**

- (စီမံကိန်းမစတင်မီ သတင်းအချက်အလက်နှင့် စီမံကိန်းပြီးဆုံးသော အချိန် စစ်တမ်းယူကောက်ယူပြီး နှိုင်းယှဉ်ပြီး) မူးယစ်ဆေးဝါးသုံးစွဲသူများကြားတွင် တခါသုံးအပ်များ တိုးပွားလာခြင်း
- အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ် မည်သို့ကူးစက်တတ်သည်ကို နားလည်သဘောပေါက်သည့် လူငယ်အရေအတွက် တိုးများလာခြင်း

**လက်ငင်းရလဒ် ညွှန်းကိန်းများ**

- အရွယ်တူ ပညာပေးသူများ ဦးဆောင်ကျင်းပသည့် ကျန်းမာရေး ပညာပေး သင်တန်းများ အရေအတွက်
- ပစ်မှတ်ထားသည့်အသိုင်းအဝိုင်းတွင် လေ့ကျင့်ထားသည့် အရွယ်တူ ပညာပေးသူများ အရေအတွက်

## သင်ထောက်ကူစာစဉ် ၅ - ၃
## အရေးပါမှု၊ အကျိုးသက်ရောက်မှုနှင့် သက်ရောက်မှုညွှန်တံများကို ဖြစ်ထွန်းစေခြင်း

၁) သင်ကိုင်တွယ် ဖြေရှင်းရန် ကြိုးစားနေသော ပြဿနာအခြေအနေကို ဖော်ပြပါ။ အောက်ပါတို့သည် အလင်းရောင်အတွက် ပြဿနာများဖြစ်နိုင်ပါသည်။

- လူငယ်များတွင် အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ် ကျန်းမာရေး အသိပညာ မရှိကြပါ။
- လူငယ်များကြားတွင် အပ်ကို အတူတူသုံးကြသည်။
- အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ် ဝေဒနာရှင်များသည် ကျန်းမာရေးစောင့်ရှောက်မှု မရကြပါ။
- အိပ်ချ်အိုင်ဗွီ ကူးစက်ပြန့်ပွားမှုနှုန်းသည် လူငယ်များကြားတွင် မြင့်တက်နေသည်။

၂) သင် အောင်မြင်ရချင်သည့် လုပ်ငန်းနှင့်ပတ်သက်သည့် မျှော်မှန်းချက် (သက်ရောက်မှု)ကို ရေးဆွဲပါ။ ဤအချက်သည် သင့်ကို သက်ရောက်မှုညွှန်းကိန်းများ ပေးလိမ့်မည်။ "ပစ်မှတ်ထားသည့် ဧရိယာများတွင် ကျန်းမာသည့်လူငယ်များ " သည် အလင်းရောင်အတွက်၊ အဆုံးသတ် အကျိုးကျေးဇူး (အလားအလာအမြင် သို့မဟုတ် မျှော်မှန်းချက် ) ဖြစ်နိုင်ပါသည်။
ဘယ်အချက်က မျှော် မှန်းချက်ကို အောင်မြင်ရ ရှိစေခဲ့ကြောင်း ဖော်ပြ ပမလဲ။ မျှော် မှန်းချက်ကို အောင်မြင်ရရှိစေခဲ့ပြီဟု "သက်သေ"ပြပြီး၊ တိုင်းတာပြနိုင်မည့်အချက် လက္ခဏာရပ်များကို မြင်ရမလဲ။

ဥပမာ - သင်၏ မျှော်မှန်းချက်သည် အသိုင်းအ ဝိုင်းရှိ လူငယ်များသည် ကျန်းမာ ကြမည်ဟု သတ်မှတ်ထားလျှင်၊ သင် ဘယ်လောက်အတိုင်းအတာထိ ကောင်းကောင်း လုပ်နိုင်သလဲ ဆိုသည်ကို တိုင်းတာရန် ကျန်းမာရေးညွှန်းကိန်းများကို သုံးနိုင်ပါသည်။ အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ်ကြောင့် လူငယ်များသေဆုံးမှု ပိုလျော့နည်းလာသလား။ အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ် ကူးစက်ခံရမှုနှုန်း လျော့ကျလာသလား။ ထိုမေးခွန်းများကို "ဖြစ်တယ်"လို့ ဖြေနိုင်လျှင် လုပ်ငန်း တိုးတက်နေပါသည်။

သင် ဘယ်လို အောင်မြင်ရရှိချင်သလဲဆိုတာအတွက် မျှော်မှန်းချက်ကို ရေးဆွဲပါ။ ဤအချက် သည် သင့်ကို လုပ်ငန်းစဉ် ညွှန်းကိန်းများကို ပေးပါလိမ့်မည်။

ဥပမာ- လူထုအသိုင်းအဝိုင်း၏ ပူးပေါင်းပါ ဝင် အားထု တ်မှုဖြင့် အောင်မြင်မှုကို ရယူလိုလျှင်၊ သင်၏ မျှော်မှန်းချက်တွင် ရပ်ရွာလူထုအသိုင်းအ ဝိုင်းမှ လေ့ကျင့်ထားသော ရွယ်တူတန်းတူ ပညာပေးသူများနှင့် ကျန်းမာရေးပညာပေးမှု၊ ဆွေးနွေးတိုင်ပင်ခြင်းကဏ္ဍနှင့် အားလုံး အသုံး ပြုနေကြသော တခြားလိုအ ပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထောက်ပံ့ခြင်း တို့ ပါဝင်နိုင်ပါသည်။ ပစ်မှတ်ထားသည့် အသိုင်းအဝိုင်း သည် လုပ်ငန်းအတွက် သတ်မှတ်ထား သည့် ဆောင်ရွက်ချက်များအားလုံးနှင့် ပါ ဝင်ပတ်သက်နိုင်ခြင်း စသည်ဖြင့်လည်း ပါဝင်နိုင်ပါသည်။

အကျိုးသက်ရောက်မှု ညွှန်းကိန်းများကို ဖြစ်ထွန်းစေပါ။

ဥပမာ - သင်သည် လူငယ်များကြားတွင် တခါသုံးအပ်များ သုံးခြင်း၊ ကွန်ဒုံးသုံးခြင်းသည် အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ် ကူးစက်ပြန့်ပွားမှုနှုန်းကို လျော့ချနိုင်သည်ဟု သင်ယုံကြည်

သည်ဆိုလျှင်၊ စီမံကိန်း ပြီးနောက်ပိုင်း ကောက်ယူထားသည့် သတင်းအချက် အလက်များများ နှင့် ကနဦး စစ်တမ်းကောက်ယူထား သည့် သတင်းအချက်အလက်များနှင့် ကို နှိုင်းယှဉ်သည့် အထောက်အထားများဖြင့် သတ်မှတ်ထား သည့် ရပ်ရွာအသိုင်းအဝိုင်းကြားတွင် တခါသုံး အပ်များနှင့် ကွန်ဒုံးများကို အသုံးပြုမှုမြင့်တက်လာသည့် အထောက်အထားများကိုပြရန် ညွှန်းကိန်းများ လိုအပ်ပါသည်။

သင်၏ အကျိုးသက်ရောက်မှုရှိသော ပစ်မှတ်များအတွက် ညွှန်းကိန်းများကို ဖြစ်ထွန်းစေပါ။

ဤနေရာတွင် သင်သည် ညွှန်းကိန်းများကို ယခုကဲ့သို့စီစဉ်နိုင်ပါသည် - သတ်မှတ်ထားသော အချိန်အတိုင်းအတာတခုအတွင်းမှာ အစီအစဉ်ဆွဲထားသော ကျန်းမာရေးပညာပေးမှု ကဏ္ဍများကို လုပ်ဆောင်သ ည်။ ကျန်းမာရေးကဏ္ဍများနှင့် ဆေးထိုးအပ်၊ ကွန်ဒုံးများအတွက် ကုန်ကျစာရိတ်သည် တဦးလျှင် အမေရိကန်ဒေါ်လာ အများဆုံး ---------- အထိ သတ်မှတ် သုံးစွဲထားသည်။ ကျန်းမာရေး ပညာပေး ကဏ္ဍတခုကို ဖွဲ့စည်းကျင်းပရန် သုံးစွဲသည့် ဝန်ထမ်းများ အချိန်စုစုပေါင်းမှာ ------------- ထက်မပိုပါ။ ကျန်းမာရေးပညာပေးကဏ္ဍနှင့် ပက်သက်၍ စောဒကတက်မှုမရှိပါ၊ စသည်ဖြင့် ဖြစ်ပါသည်။

ဤလုပ်ဆောင်မှုအတွင်း၊ သင်သည် သက်ရောက်မှု၊ အကျိုးရှိ မှု၊ အရေးပါမှု တို့ကို စောင့်ကြည့်လေ့လာရန်၊ ဆန်းစစ်သုံးသပ်ရန် အခြေအနေတရပ်ကို ရပါသည်။




## အပိုင်း ၆ - စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းအတွက် အစီအစဉ်ဆွဲခြင်း

ယခုသင်ခန်းစာ ပြီးဆုံးသွားသောအခါတွင်၊ တက်ရောက်လာသူများသည် စောင့်ကြည့်ေ လ့လာခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်း လုပ်ငန်းစဉ်နှင့် လုပ်ငန်းတခုအတွက် စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ် သုံးသပ်ခြင်း အတွက် ဘယ်လို အစီအစဉ်ရေးဆွဲမလဲဆိုတာကို နားလည်သွားပါလိမ့်မည်။

**အချိန် -** ၄ - ၅ နာရီခန့်

<u>**ပစ္စည်းများ**- (၄ ပိုင်းဖြတ်) အေဖိုး စာရွက်၊ စာရွက်အချပ်ကြီးများ၊ သင်ထောက်ကူ စာစဉ်များ</u>



**စောင့်ကြည့်လေ့လာခြင်းစနစ်တခုကိုအစီအစဉ်ချမှတ်ခြင်း**

**အဆင့် ၁** - ဦးဆောင် ဆွေးနွေးသူသည် ဤအစီအစဉ်ကို အောက်ပါအတိုင်း စတင်နိုင်ပါသည်။

> စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းသည် သင်၏ အစီအစဉ်ဆွဲထားသော လုပ်ငန်းစဉ်၏ အစိတ်အပိုင်း ဖြစ်သည်။ လုပ်ငန်းစဉ်များထဲတွင် စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်ခြင်း မပါဘဲ လုပ်ငန်းများကို စတင် အကောင်ထည်ဖော်ခဲ့ပြီးလျင် စောင့် ကြည့် လေ့လာခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းကို စီမံဆောင်ရွက်ဖို့ဆိုသည်မှာ အလွန်ခက်ခဲပါသည်။ အစပိုင်းမှာ ပစ်မှတ်အုပ်စုများနှင့် ဆက်စပ်သည့်၊ လုပ်ဆောင်ချက်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို စတင်စုစည်းဖို့ လိုအပ်ပါသည်။ အမှန်မှာ သင် လိုအပ်ချက်များ သုံးသပ်ချက် အဆင့်တွင် လုပ်သည့်အခါတွင် အချက်အလက်စုဆောင်းခြင်းကို အရင်လုပ်ရပါသည်။ ဤကဲ့သို့ ပြုလုပ်ခြင်းသည် နောင်အခါ တိုးတက်မှုများကို တိုင်းတာသည့်အခါ သတင်းအချက်အလက်များကို နှိုင်းယှဉ် နိုင်ပါလိမ့်မည်။

ပြီးခဲ့သောအပိုင်းတွင် ပြုစုခဲ့သော ညွှန်းကိန်းများသည် သင်၏ စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ် သုံးသပ်ခြင်းစနစ်အတွက် အလုပ်ဘောင်ကိုလည်း အထောက်အကူဖြစ်စေပါသည်။ ထိုညွှန်းကိန်းများသည် အသုံး ဝင်မည့် သတင်းအချက်အလက်မျိုးက **စုစည်းရန် နှင့်** သင်သိချင်တာ **ဘာတွေဖြစ်မလဲ**ဆိုတာကို ပြောပါသည်။

**အဆင့် ၂** - "အလင်းရောင်" ကြောင်းကျိုးဆက်စပ်တွေးဆချက်ဆီကို ပြန်သွားပါ။

| |
|---|
| အလင်းရောင်သည် ပစ်မှတ်ထားသည့် ဧရိယာများ တွင် လူငယ်များကြား ရောဂါရှိရန် အလားအလာရှိသော အုပ်စုများကို သတ်မှတ်မည်။ ထို အုပ်စုများကြားတွင် ကျန်းမာရေးပညာပေးမှုလုပ်ရန် ရွယ်တူတန်းတူ ပညာပေးသူများကို လေ့ကျင့်ပေးမည်။ တချိန်တည်းတွင်၊ **အလ၈** သည် အန္တရယ်ပိုများသောအုပ်စုများကြားတွင် ကွန်ဒုံးများနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများကို ဆေးထိုးအပ်များ ဖြန့်ဖြူးပေးမည်။ အလင်းရောင်သည် အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ် ဝေဒနာရှင်များ (PLHA)အတွက် ဆွေးနွေးညှိနှိုင်းတိုင်ပင်သည့် စင်တာများ ဖွင့်လှစ်ပေးမည်။ အလွယ်တကူ ဝင်ရောက်နိုင်သော ရောဂါများကို ကုသမှုပေးရန် ရွှေ့လျားဆေးခန်းများ ဖွင့်လှစ်ပေးမည်။ ထိုဆောင်ရွက်ချက်များသည် တခြားသူများသို့ အိပ်ချ်အိုင်ဗွီပိုး ပျံ့နှံ့ခြင်း သို့မဟုတ် အိပ်ချ်အိုင်ဗွီ ကူးစက်ခြင်းမှ ကာကွယ်နိုင်ရန်အတွက် လူငယ်များ၏ သဘောထားများနှင့် ဗဟုသုတတို့ကို ပြောင်းလဲ စေနိုင်ပါသည်။ ဆေးထိုးအပ်များ နှင့် ကွန်ဒုံးများကို လက်လှမ်းမီမှုများသည်လည်း လူငယ်များအတွင်း အန္တရာယ်ကင်းသော လိင်ဆက်ဆံမှု အလေ့နှင့် လူငယ်များ၏ အပြုအမူများကို ပြောင်းလဲနိုင်ပါသည်။ ထိုအပြောင်းအလဲများသည် ပစ်မှတ်ထားသည့်ဧရိယာများတွင် လူငယ်များကြား အိပ်ချ်အိုင်ဗွီ ကူးစက်ပျံ့ပွားမှုနှုန်းကို လျှော့ချနိုင်ရန် အကျိုးပြုလိမ့်မည်ဖြစ်ပါသည်။ |

*စောင့်ကြည့်လေ့လာခြင်းအစီအစဉ် ၁ ကို ပြုစုခြင်း။*

**အဆင့် ၃** - အသုံးဝင်မှု၊ ထိရောက်အောင်မြင်မှုနှင့် သက်ရောက်မှုတို့နှင့် ပတ်သက်သည့် အမြင်အယူအဆများကို ဖေါ်ထုတ်ပါ။

**အသုံးဝင်မှု** - လုပ်ရှားမှုများအတွက် အသုံးပြုသော ရင်းမြစ်များသည် မျှော်မှန်းထားသော ရလဒ်များအတွက် သင့်တော်မှု ရှိသလား သို့မဟုတ် အကုန်အကျခံသင့်သလား ဆိုတာပင်ဖြစ်သည်။

ဥပမာ - သက်တူရွယ်တူ ပညာပေးသူ ၅၀ ကို လေ့ကျင့်ပေးသည့် သင်တန်းအစီအစဉ်အတွက် ဒေါ်လာ ၁၀၀၀၀ ကုန်ကျသည်။ ထိရောက်မှုရှိသလား၊ အကုန်အကျ ခံရမလား။

**ထိရောက်အောင်မြင်မှု** - စီမံကိန်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းအောင်မြင်မှု အတိုင်း အတာကို နှိုင်းယှဉ် တိုင်းတာခြင်းဖြစ်ပါသည်။

ဥပမာ - ကျွန်ုပ်တို့တွင် သီးခြားဧရိယာရှိ အထက်တန်းကျောင်းများအားလုံးရှိ ဆရာ ဆရာမ များ၏ အရည်အသွေးကို တိုးမြှင့် ရန် အစီအစဉ်ရှိသည်။စီမံကိန်းပြီးစီး ပြီးနောက် အောင်မြင်မှု ရှိသလား။

**သက်ရောက်မှု -** စီမံကိန်း အကောင်အထည်ဖော်မှုသည် ဖြေရှင်းရန် ကြိုးစားခဲ့သော ပြဿနာနှင့်ပတ်သက်သော အပြောင်းအလဲကို အကျိုးဖြစ်စေခဲ့သလား သို့မဟုတ် အကျိုးမဖြစ်ခဲ့ စသည်ကို တိုင်းတာပါသည်။

ဥပမာ - အသိုင်းအဝိုင်းတခုတွင် လူငယ်များကြားတွင် အိပ်ချ်အိုင်ဗွီ ကူးစက်မှုနှုန်း မြင့်မားနေမှုသည် လုပ်ငန်းမစတင်မီက အဓိကပြဿနာဖြစ်ခဲ့ပါသည်။ ကျွန်ုပ်တို့ စီမံကိန်းသည် ထိုအသိုင်းအဝိုင်းရှိ လူငယ်များကြားတွင် အိပ်ချ်အိုင်ဗွီကူးစက် ပျံ့ပွားမှုနှုန်း လျှော့ချရာတွင် ထူးခြားသည့် အခြေအနေအပြောင်းအလဲတခု အမှန်တကယ် ပြုလုပ်နိုင်ခဲ့သည်။

စောင့်ကြည့်လေ့လာခြင်းစနစ်တခုသည် သုံးခုစလုံးကို လွှမ်းခြုံရန် လိုအပ်ကြောင်း တက်ရောက်လာသူများကို ရှင်းပြပါ။ ပြီးခဲ့သည့်အပိုင်းတွင် အုပ်စုများသည် ထိုအပိုင်း တပိုင်းစီအတွက် ညွှန်ကိန်းများစာရင်းတခုကို ရှုထောင့်သုံးမျိုးစီမှ ပြုစုခဲ့ပြီး ဖြစ်သည်။

**အဆင့် ၄ -** “အလင်းရောင်” အိပ်ချ်အိုင်ဗွီ စီမံကိန်းအတွက် ဤရှုထောင့်သုံးမျိုးလုံးအား လွှမ်းခြုံသည့် စောင့်ကြည့်လေ့လာခြင်းစနစ်တခုကို ပြုစုရန် တက်ရောက်လာသူများကို ပြောပါ။ (၃၀ မိနစ်ဆွေးနွေးပြီး၊ ၅ မိနစ်စီ တင်ပြပါ။)

**အသုံးဝင်မှု -**

ဥပမာ -

၁) သင်တန်းအလုပ်ရုံဆွေးနွေးပွဲတခုကို စီစဉ်ရန် ဘယ်လောက်ကုန်ကျသလဲ။

၂) တက်ရောက်သူ ဘယ်လောက်ရှိသလဲ။

၃) တက်ရောက်သူတယောက်အတွက် ဘယ်လောက်ကုန်ကျစာရိတ်ရှိသလဲ။

၄) သုံးစွဲသင့်သလား။တွက်ခြေကိုက်မှုရှိသလား။

၅) လုပ်ရှားမှုများအတွက် အသုံးပြုသော ရင်းမြစ်များသည် မျှော်မှန်းထားသော ရလဒ်များအတွက် သင့်တော်မှု ရှိသလား သို့မဟုတ် အကုန်အကျခံသင့်သလား ဆိုတာပင်ဖြစ် သည်။

အချက်အလက်ရှာဇယားတခုတွင် ထိုအချက်အလက်များအားလုံးကို အလွယ်တကူ ရှာဖွေယူနိုင်ပါသည်။

| နံပတ် | နေ့စွဲ | သင်တန်းအမည် | တက်ရောက်သူ | | ကာလတာ | သင်တန်းကုန်ကျစာရိတ်စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | M ကျား | F မ | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |

ထိရောက်မှု

ဥပမာ - ကျွန်ုပ်တို့တွင် သီးခြားဇရိယာရှိ အထက်တန်းကျောင်းများအားလုံးရှိ ဆရာ ဆရာမ များ၏ အရည်အသွေးကို တိုးမြှင့်ရန် အစီအစဉ်ရှိသည်။ လုပ်ငန်းအစီအစဉ်ပြီးနောက် အောင်မြင်မှုသည် ပြည့်စုံမှုရှိသလား။

ရည်မှန်းချက်ပန်းတိုင် အောင်မြင်ရရှိဖို့ သင်သည် တိုးတက်မှုကို စောင့်ကြည့်လေ့လာရန် ညွှန်းကိန်းများကို ပြုစုနိုင်ပါသည်။

**သက်ရောက်မှု**

ဥပမာ - "လူငယ်များအား သတင်းအချက်အလက်ပေးနေပြီး၊ ရင့်ကျက်သော ဘဝပုံစံ ရွေးချယ်မှုများကို ဖြစ်စေသည့် " ညွှန်းကိန်းတခုအဖြစ်၊ "ရွေးချယ်နိုင်သော အန္တရာယ်ကင်းသော လိင်ဆက်ဆံမှု " ကို ဖေါ်ပြသည့် သက်ရောက်မှု ညွှန်းကိန်းတခု သင့်မှာ ရှိကောင်း ရှိနေနိုင်ပါသည်။ ညွှန်းကိန်း အပေါ် သက်ရောက်မှု ရှိနိုင်သည့် ကိန်းရှင်များမှာ-

- အသက်
- လိင်
- ကိုးကွယ်သည့်ဘာသာ
- မြို့ပြ ၊ ကျေးလက်
- စီးပွားရေးအကြောင်းခံ
- မိသားစုဝန်းကျင်
- သင်၏ လုပ်ငန်းစီမံကိန်းနှင့် ဆက်ဆံမှု ကာလအတိုင်းအတာ
- အလုပ်ရုံဆွေးနွေးပွဲများသို့တက်ရောက်သည့် အရေအတွက်

မှန်ကန်သည့် သတင်းအချက်အလက်များကို စုဆောင်းခြင်းအားဖြင့် အောက်ပါကဲ့သို့ မေးခွန်း များစွာကို ဖြေနိုင်ပါလိမ့်မည်။

- ကျွန်ုပ်တို့ သတင်းစကားကို လက်ခံစေမည့် နည်းလမ်းအတွက် အသက်အရွယ်သည် ကွဲပြားထူးခြားမှုကို ဖြစ်စေသလား။
- စီးပွားရေးအကြောင်းခံသည် ဥပမာ - ပိုမိုချမ်းသာသော ဇရိယာများရှိ လူငယ်များသည် သတင်းစကားကို ကောင်းစွာတုန့်ပြန်သလား သို့မဟုတ် ဆိုးရွားစွာတုန့်ပြန်သလား၊ သို့မဟုတ် ထူးခြားမှုမရှိဘူးလား။
- အလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်သူအရေအတွက်သည် သက်ရောက်မှုကို ကွဲပြားထူးခြားမှု ဖြစ်စေပါသလား။

ဤမေးခွန်းများ၏ အဖြေများသည် လုပ်ငန်းတခု၊ အဖွဲ့အစည်းတခုကို ဘယ်လိုလုပ်ရမလဲ၊ ဘာလုပ်ရမလဲဆိုသည့် ဆုံးဖြတ်ချက်များကို ဖြစ်စေနိုင်သည်၊ အစီအစဉ်များကို အချက် အလက်အခြေခံ အပြောင်း အလဲများစွာ ဖြစ်စေနိုင်သည်၊ သက်ရောက်မှုနှင့် အကျိုးရလဒ် များကို တိုင်းတာလို့ ရစေနိုင်သည်။ မေးခွန်းများ၏အဖြေများမှာ အောက်ပါကဲ့သို့ ဖြစ်ပါသည်။

- ကောင်းစွာ ကြိုတင်စီစဉ်ထားသည့် အစီအစဉ်များသို့ တက်ရောက်သူ ပိုများလာသလား။

- ငွေကြေးကောက်ခံမှုမရှိသောအခါ ကျောင်းများ ဖိုပါဝင်လာသလား။
- အစီအစဉ်များသည် ညနေပိုင်းအချိန်များ၊ စနေ တနင်္ဂနွေများတွင် ပြုလုပ်သည့်အခါ လူငယ်များ ပိုမိုတက်ရောက်သလား။
- အလုပ်ရုံဆွေးနွေးပွဲများကို ပြုလုပ်သည့်အခါ ရပ်ရွာလူထုရှိသော နေရာတွင်လုပ်ခြင်းက ကုန်ကျစာရိတ် ပိုသက်သာသလား၊ ကျွန်ုပ်တို့၏ သင်တန်းအခန်းတွင် လုပ်ပြီး တက်ရောက်မည့်သူများကို သယ်ဆောင်ပေးခြင်းက ကုန်ကျစာရိတ် ပိုသက်သာသလား။

**အဆင့် ၅** - လိုအပ်သည့်အချက်အလက်များကို ဘယ်လို စုစည်းမလဲ၊ ဘယ်နေရာမှာ ထိန်းသိမ်းထားမလဲ ဆိုတာကို ဆုံးဖြတ်ပါ။(ကွန်ပျူထဲမှာလား၊ အပြင်မှာဖိုင်တွေနဲ့သိမ်းမလား။)

**အဆင့် ၆** - သတင်းအချက်အလက်တွေနဲ့ပတ်သက်ပြီး ဘယ်လောက်ကြာလျှင်တခါ သုံးသပ်မည်ဆိုတာ ဆုံးဖြတ် ပါ။ ဆိုလိုသည်မှာ သတင်းအချက်အလက်တွေကို ထည့်ထားပြီး၊ အရေးကြီးသည်ဟု ယူဆ သောမေးခွန်းများကို ဖြေဖို့ ကြိုးစားခြင်းဖြစ်သည်။

*စောင့်ကြည့်လေ့လာခြင်း အစီအစဉ် - ၂ ကို ပြုစုခြင်း*

**အဆင့် ၇** - ရိုးရှင်းစွာလုပ်စရာတခုမှာ၊ သင်ထောက်ကူ စာစဉ် ၆ -၂ ကို ဖြန့်ဝေပါ။ စောင့်ကြည့်လေ့လာမှု အစီအစဉ် ၂ ကို ပြုစုပါ။ စောင့်ကြည့်လေ့လာခြင်း အစီအစဉ်တခုကိုဒီဇိုင်းလုပ်ရန် လိုအပ်သည့် သတင်းအချက်အလက်ဇယားကွက်ကို ကြည့်နိုင်ပါသည်။

## ဆန်းစစ်သုံးသပ်ခြင်းအတွက် အစီအစဉ်ဆွဲခြင်း

**အဆင့် ၈** - ဦးဆောင်ဆွေးနွေးသူက တက်ရောက်လာသူများကို ရှင်းလင်းပြသည်။

စောင့်ကြည့်လေ့လာခြင်းအစီအစဉ်နှင့် အလားတူစွာ၊ ဆန်းစစ်သုံးသပ်ခြင်းအစီအစဉ်ကိုလည်း စီမံကိန်း အစပိုင်းမှပင် စတင်သင့်သည်။ ကျွန်ုပ်တို့ လိုအပ်ချက်များကို အကဲဖြတ်သည့် နေရာတွင် ကျွန်ုပ်တို့သည် အသိုင်းအဝိုင်း၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုအခြေအနေများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို စုဆောင်းရလိမ့်မည်။ ၎င်းတို့သည် ရည်မှန်းချက်များကို အောင်မြင်ရရှိသလား သို့မဟုတ် သက်ရောက်မှုကို တိုင်းတာရန် ကျွန်ုပ်တို့အတွက် ကနဦး အချက်အလက်အတခု ဖြစ်လာလိမ့်မည်။ လုပ်ငန်းတခုကို အကောင် အထည်ဖေါ်နေစဉ်အတွင်း သို့မဟုတ် အကောင်အထည်ဖေါ်ပြီးနောက် ကျနော်တို့ စုစည်းရရှိလာသော အချက် အလက်များကို ထိုအချက်အလက်များနှင့် နှိုင်းယှဉ်နိုင်သည်။

## ဆန်းစစ်သုံးသပ်ခြင်းတွင် အောက်ပါအချက်များပါဝင်သည် -

- စီမံကိန်းတခု၊ အဖွဲ့အစည်းတခုက အောင်မြင်ရန် (၂ ကံစည်ထားသော အရာများကိုကြည့်ပါ - ဖြစ်ချင်ခဲ့သည့်အရာ နှင့် ဘာကွာခြားနေသလဲ။ သက်ရောက်စေချင်သည့်အရာနှင့် ဘာကွာခြားနေ သလဲ။
- အောင်မြင်ရရှိလိုသည့် တိုးတက်မှုများ၊ သက်ရောက်မှု ပစ်မှတ်များကို သုံးသပ်ခြင်း။

- လုပ်ငန်းတခု၊ အဖွဲ့အစည်းတခု၏ မဟာဗျူဟာများကို ကြည့် မည်ဆိုလျှင်၊ မဟာဗျူဟာ ရှိခဲ့သလား။ မဟာဗျူဟာအတိုင်းလုပ်သည့်အခါ ထိရောက်မှုရှိခဲ့သလား။ မဟာဗျူဟာသည် အလုပ်ဖြစ်ခဲ့သလား။ မဖြစ်ဘူးဆိုလျှင်၊ ဘာကြောင့်မဖြစ်သလဲ။
- ဘယ်လောက်အလုပ်ဖြစ်သလဲဆိုတာ ကြည့်မည်ဆိုလျှင်၊ ရင်းမြစ်များကို ထိထိရောက်ရောက် အသုံးပြုမှု ရှိခဲ့သလား။ အလုပ်လုပ်ရန် ရွေးချယ် သည့်အခါ မမြင်ရသော စရိတ်များသည် ဘာများ ဖြစ်သလဲ။ စီမံကိန်းတခု အဖွဲ့စည်း တခုက မည်ကဲ့သို့ ရေရှည်တည့်တံ့နိုင်၂ မဲ ပြုလုပ်ပါသနည်း။ အဖွဲ့စည်း၏ လုပ်ဆောင်မှုထဲတွင် စီမံကိန်းတွင်ပါ ဝင်ပက်သတ်သော အခြားသူများ ဘယ်လို ပူးပေါင်း ဆောင်ရွက်ပါသလဲ။

ဆန်းစစ်သုံးသပ်ခြင်းလုပ်ရာတွင်၊ အသုံးဝင်မှု၊ အကျိုးသက်ရောက်မှုနှင့် သက်ရောက်မှုတို့ကိုလည်း ကြည့်ရပေမည်။

**အဆင့် ၉** - မိမိတို့သိထားကြသည့် ဆန်းစစ်သုံးသပ်ခြင်းပုံစံများအကြောင်းကို အတန်းထဲတွင် ပြန်မျှကြဖို့ တက်ရောက်လာသူများကို ပြောပါ။ (၅ - ၁၀ မိနစ်) ထို့နောက် တခုနှင့် တခု လိုက်ဖက်သည့် အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် ဆန်းစစ်သုံးသပ်ခြင်း ပုံစံအမျိုးမျိုး၏ နာမည်များကို ဖြန့်ဝေ ပါ။ တက်ရောက်လာသူများကို ဆန်းစစ်သုံးသပ်ခြ င်း ပုံစံအမျိုးမျိုး သင်ထောက်ကူ စာစဉ် ၆ -၃ ကို ဖြန့်ဝေပါ။ ဦးဆောင်ဆွေးနွေးသူသည် တက်ရောက်လာသူများနှင့်အတူ ဇယားကွက်ကြည့်ကြပြီး၊ ဆန်းစစ် သုံးသပ်ခြင်း ပုံစံအမျိုးမျိုးကို ဆွေးနွေးနိုင်ပါသည်။

**အဆင့် ၁၀** - သင်ထောက်ကူ စာစဉ် ၆ - ၄ ៖ အကြောင်းအရာတခု၊ အဖြစ်အပျက်တခုကို အခြေခံရေးသားထားသော သင်ထောက်ကူစာရွက်ကို ဖြန့်ဝေပါ။ ထိုအကြောင်းရာနှင့် ပတ်သက်ပြီး သင်တန်းတက်ရောက်လာသူများကြားတွင် အုပ်စုဖွဲ့ပြီး အရင်ဆွေးနွေးခိုင်းပါ။ (၁၅ - ၂၀ မိနစ်)

**အဆင့် ၁၁** - သင်ထောက်ကူစာစဉ် ၆ - ၅ ဆန်းစစ်သုံးသပ်ခြင်းအခြေခံတွင် ပါဝင်သည့် ပုံစံကို ဖြည့်ဖို့ အုပ်စုများကို ပြောပါ။ (၁၅ - ၂၀ မိနစ်)

**အဆင့် ၁၂** - ပုံမှန်အားဖြင့် ဆန်းစစ်သုံးသပ်ခြင်း၏ ပထမအဆင့်မှာ**တာဝန်နှင့်လုပ်ပိုင်ခွင့်များကို** ဖေါ်ထုတ်ထားခြင်းဖြစ်ကြောင်း တက်ရောက်လာသူများကို ရှင်းပြပါ။ **တာဝန်နှင့်လုပ်ပိုင်ခွင့်များ** ပါဝင်သည့် ပုံစံ သင်ထောက်ကူစာစဉ် ၆ - ၆ ကို ဖြန့်ဝေပါ။ သူတို့ ပိုမိုရှင်းရှင်းသိချင်သည့် အချက်များကို ရှင်းပြရင်း သင်ထောက်ကူစာစဉ်ကို အတူတူ လေ့လာကြပါ။

အုပ်စုလိုက် အလုပ် - အုပ်စုတခုစီသည် လူငယ်များ၏ စွမ်းအား စီမံကိန်းများနှင့်ဆိုင်သည့် ဆန်းစစ်သုံးသပ်ခြင်းအတွက် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဖေါ်ထုတ်ရန် လိုအပ်သည်။

## သင်ထောက်ကူစာစဉ်၆ - ၁
## စောင့်ကြည့်လေ့လာခြင်း အစီအစဉ် ဖော်ဆောင်ခြင်း ၁

**အသုံးဝင်မှု -** အသုံးဝင်မှု - လှုပ်ရှားမှုများအတွက် အသုံးပြုသော ရင်းမြစ်များသည် မျှော်မှန်းထားသော ရလဒ်များအတွက် သင့်တော်မှု ရှိသလား သို့မဟုတ် အကုန်အကျခံသင့်သလား ဆိုတာပင်ဖြစ် သည်။

ဥပမာ - သက်တူရွယ်တူ ပညာပေးသူ ၅၀ ကို လေ့ကျင့်ပေးသည့် သင်တန်းအစီအစဉ်အတွက်

ဥပမာ -

၁) သင်တန်းအလုပ်ရုံဆွေးနွေးပွဲတခုကို စီစဉ်ရန် ဘယ်လောက်ကုန်ကျသလဲ။

၂) တက်ရောက်သူ ဘယ်လောက်ရှိသလဲ။

၃) တက်ရောက်သူတယောက်အတွက် ဘယ်လောက်ကုန်ကျစာရိတ်ရှိသလဲ။

၄) သုံးစွဲသင့်သလား။

၅) လှုပ်ရှားမှုများအတွက် အသုံးပြုသော ရင်းမြစ်များသည် စိုက်ထုတ်ထားသော စည်းမျဉ်းများနှင့် သင့်တော်မှု ရှိသလား သို့မဟုတ် အကုန်အကျခံသင့်သလား ဆိုတာပင်ဖြစ်သည်။

အချက်အလက်ရာဇယားတခုတွင် ထိုအချက်အလက်များအားလုံးကို အလွယ်တကူ ရှာဖွေယူနိုင်ပါသည်။

| နံပတ် | နေ့စွဲ | သင်တန်းအမည် | တက်ရောက်သူ | | ကာလတာ | သင်တန်းကုန်ကျစာရိတ်စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |

**ထိရောက်အောင်မြင်မှု** ပစ်မှတ် ရည်ရွယ်ချက်များနှင့်ဆန့်ကျင်ပြီး လုပ်ငန်းအောင်မြင်မှု အတိုင်းအတာကို တိုင်းတာခြင်းဖြစ်ပါသည်။
ဥပမာ - ကျွန်ုပ်တို့တွင် သီးခြားဧရိယာရှိ အထက်တန်းကျောင်းများအားလုံးရှိ ဆရာ ဆရာမများ၏ အရည်အသွေးကို တိုးမြှင့်ရန် အစီအစဉ်ရှိသည်။ စီမံကိန်း ပြီးနောက် ကျွန်ုပ်တို့ အောင်မြင်မှုရှိသလား။
ညွှန်းကိန်းအမျိုးမျိုးကို အသုံးပြုပြီး အထက်တန်းကျောင်း ဆရာ ဆရာမများ၏ စွမ်းဆောင်ရည်ကို ပုံမှန်စောင့်ကြည့်လေ့လာနိုင်ပါသည်။
သက်ရောက်မှု - စီမံကိန်း အကောင်အထည်ဖေါ်မှုသည် ဖြေရှင်းရန် ကြိုးစားခဲ့သော ပြဿနာနှင့်ပတ်သက်သော အပြောင်းအလဲကို အကျိုးဖြစ်စေခဲ့သလား သို့မဟုတ် အကျိုးမဖြစ်ခဲ့ စသည်ကို တိုင်းတာပါသည်။
ဥပမာ - အသိုင်းအဝိုင်းတခုရှိ လူငယ်များကြားတွင် အိပ်ချ်အိုင်ဗွီ ကူးစက်မှုနှုန်း မြင့်မားနေမှုသည် လုပ်ငန်းမစတင်မီက အဓိကပြဿနာဖြစ်ခဲ့ပါသည်။ ကျွန်ုပ်တို့ စီမံကိန်းသည် ထိုအသိုင်းအဝိုင်းရှိ လူငယ်များကြားတွင် အိပ်ချ်အိုင်ဗွီကူးစက် ပျံ့ပွားမှုနှုန်း လျှော့ချရာတွင် ထူးခြားသည့် အခြေအနေအပြောင်းအလဲတခု အမှန်တကယ် ပြုလုပ်နိုင်ခဲ့သည်။

လက်ရှိအခြေအနေနှင့်အတူ ကနဦး ကောက်ယူရရှိထားသော သတင်းအချက်အလက်များကို နှိုင်းယှဉ်ပြီး စီမံကိန်းရည်မှန်းချက် သက်ရောက်မှုနှင့် တိုးတက်ဖြစ်ထွန်းမှုတို့ကို စောင့်ကြည့်လေ့လာနိုင်ပါသည်။

## သင်ထောက်ကူ စာစဉ် ၆ - ၂
## စောင့်ကြည့်လေ့လာခြင်း အစီအစဉ် ဖော်ဆောင်ခြင်း- ၂

**ကျွန်ုပ်တို့ ဘာသိချင်တာလဲ။**

ဤအချက်တွင် အတွင်းပိုင်းအကြောင်းအရာ၊ အပြင်ပိုင်းအကြောင်းအရာ နှစ်ခုစလုံးအတွက် ညွှန်း ကိန်းများကို ကြည့်ရှုခြင်း ပါဝင်ပါသည်။

ယေဘူယျအသုံးပြုလေ့ရှိသည့် စောင့်ကြည့်လေ့လာခြင်း အခြေခံပုံစံ သုံးမျိုးရှိပါသည်။
စီမံခန့်ခွဲမှု/စီမံအုပ်ချုပ်မှု
ဝန်ထမ်း/ဝန်ထမ်းရေးရာ
ယာဉ်များ
အထောက်အပံ့များ
**ဘဏ္ဍာရေး**
လုပ်ငန်းဘတ်ဂျက်နှင့် သုံးစွဲမှု
ဝန်ထမ်းလစာများ
ငွေကြေးစီးဆင်းမှု ခွဲခြမ်းစိတ်ဖြာချက်

**လုပ်ငန်း ဆောင်ရွက်ချက်များ**
လုပ်ငန်းထည့်ဝင်မှုများ - ဘတ်ဂျက်၊ ပစ္စည်း၊ အဓိကလိုအပ်သည့် ဝန်ထမ်း
ဆောင်ရွက်ချက်များ၏ အကျိုးရလဒ်များ - လုပ်ငန်း လက်ငင်းရလဒ်များ / အကျိုးဆက်များ/သက်ရောက်မှုများ (ညွှန်းကိန်းများကို အသုံးပြု၍)
လုပ်ငန်းကို စီမံခန့်ခွဲသည့်နည်း
အခြေအနေ သို့မဟုတ် နောက်ခံ အကြောင်းအရာ - ပေါ်လစီဝန်းကျင်၊ နိုင်ငံရေးအခြေအနေ

*အောက်ပါဇယားကွက်သည် လုပ်ငန်းနှင့် စောင့်ကြည့်လေ့လာရေးအစီအစဉ်အတွက် လိုအပ်သည့် သတင်း အချက်အလက် စုဆောင်းရေးကို ပြသည်။*


**INFORMATION FOR MONITORING PROGRAM OPERATIONS**[1]

**စောင့်ကြည့်လေ့လာရေးလုပ်ငန်းစီမံချက်အတွက် သတင်းအချက်အလက်ပုံစံ**

| သတင်းအချက်အလက်အမျိုးအစား | စောင့်ကြည့်လေ့လာမည့်အချက် | ထိန်းသိမ်းရမည့်မှတ်တမ်းများ | အချက်အလက်စုဆောင်းသူ | အချက်အလက်များကအသုံးပြုသူ | အချက်အလက်ကိုဘယ်လိုအသုံးပြုမလဲ | ဆုံးဖြတ်ချက် ချရမည့်အရာများ |
|---|---|---|---|---|---|---|
| ၁။ လုပ်ငန်းစဉ်များ အစီအစဉ်တကျ ဆောင်ရွက်ချက်များ | • ဆောင်ရွက်ရမည့် အချိန်<br>• ရနိုင်သည့်ဝန်ထမ်းရေးရာ၊ရင်းမြစ်များ | • လစဉ်၊ အပတ်စဉ် လုပ်ငန်းအစီအစဉ်<br>• အလုပ်အစီအစဉ်များ | လုပ်ငန်းမန်နေဂျာ<br>• ကြီးကြပ်သူများ | • လုပ်ငန်းမန်နေဂျာ<br>• အလှူရှင် အေဂျင်စီ | • ဝန်ထမ်းနှင့် တခြားရင်းမြစ်များ သေသေချာအောင် လုပ်ခြင်း | • လုပ်ငန်းစဉ်များကို ပြန်လည်စီစဉ်ခြင်းနှင့် လိုအပ်သောအရင်းအမြစ်များကို ထိထိရောက်ရောက် ခွဲဝေနေရာချထားစီမံခြင်း |
| ၂။ အသုံးစာရိတ်နှင့် ကုန်ကျစာရိတ် | ရသုံးမှန်းခြေရှိ ငွေပမာဏ လက်ရှိငွေ နှင့် ကုန်ကျစာရိတ်များ<br>• ခွင့်ပြုထားသည့်အသုံးစာရိတ်များနှင့် ဝင်ငွေလက်ကျန် | • ရသုံးမှန်းခြေ ငွေစာရင်း ဖြင့်လုပ်ထားသည့်ကုန်ကျစာရိတ်စာရင်း<br>• ငွေလက်ခံဖြတ်ပိုင်းများ<br>• ဘဏ်လွှဲစာရင်းများ<br>• အလှူရှင်သို့ အစီရင်ခံစာများ | • ဘဏ္ဍာရေးအရာရှိ/ စာရင်းကိုင် | • လုပ်ငန်းမန်နေဂျာ<br>• စာရင်းစစ်<br>• အလှူရှင် အေဂျင်စီ | လုပ်ငန်များ အကောင်အထည်ဖော်ရန် ငွေကြေးဖူလုံစေခြင်း<br>• ငွေကြေးဆိုင်ရာစည်းမျဉ်းများအတိုင်း သေချာဆောင်ရွက်ရန်<br>• ဝန်ဆောင်မှုအတွက်ပေးငွေရှိ လျှင်ပမာဏ ပုံစံကိုသတ်မှတ်ပါ။ | • တရားဝင်ခွင့်ပြုထသားသော ကုန်ကျစာရိတ်များ<br>• ရသုံးမှန်းခြေ ငွေစာရင်းနှင့် လုပ်ငန်းပြန်လည်သုံးသပ်ခြင်းလုပ်ပါ<br>• တခြားရန်ပုံငွေရှာရန်ရင်းမြစ်များ လိုအပ်မှုကို ဆုံးဖြတ်ပါ။ |
| ၃။ ဝန်ထမ်းနှင့် ကြီးကြပ်မှု | ဝန်ထမ်းများ၏ ဗဟုသုတ၊ သဘောထားများ၊ ကျွမ်းကျင်မှု<br>• ဝန်ထမ်းများ၏ | • လုပ်ဆောင်ရွက်မှု ပြန်လည်သုံးသပ်ချက် | • ကြီးကြပ်သူများ<br>• ဝန်ထမ်းရေးရာညွှန်ကြားရေးမှူး | • ကြီးကြပ်သူများ<br>• လုပ်ငန်းမန်နေဂျာ<br>• ဝန်ထမ်း | • အလုပ်ဆိုင်ရာပြဿနာများကို ဖြေရှင်းပြီး၊ ဝန်ထမ်းများကို | • နေရာချထားပါ။<br>• လိုအပ်သည့်သင်တန်းလုပ်ပါ။<br>• ရာထူးတိုးမြှင့်ပေးပါ။ |

[1] Source: *The Family Planning Manager's Handbook*. Editors: James A. Wolff, Linda J. Suttenfield, Susanna C. Binzen. Management Sciences for Health, Boston.

| | | | | | | |
|---|---|---|---|---|---|---|
| | ပညာရေး အဆင့်<br>• လစာများနှင့်ခံစားခွင့်များ<br>• လုပ်ငန်း စွမ်းဆောင်မှု | • လုပ်ငန်းတာဝန်များ<br>• ဝန်ထမ်း ကိုယ်ရေးအချက်များ<br>• တက် ရောက်ခဲ့သော သင်တန်း များမှ တုံ့ပြန်ချက် | • သင်တန်းဆရာများ | ရေးရာ ညွှန်ကြား ရေးမှူး | အားပေးပါ။<br>• အလုပ်နှင့်ပတ်သက်၍ ဝန်ထမ်းများကို အကြံဉာဏ် ပေးပါ။ | • စည်းကမ်းနှင့်အညီ အရေးယူပါ။ |
| ၄။ ကုန်ပစ္စည်းများ | • သိုလှောင်ထားသော ပစ္စည်းများ<br>• မှာကြားမှုနှင့် ပို့ဆောင်နေမှု အခြေအနေ<br>• ဝယ်ယူမှု ဆိုင်ရာ စည်းမျဉ်းများ | • သိုလှောင် ထားသော ပစ္စည်း စာရင်းများ<br>• ငွေတောင်း ခံလွှာ<br>• အလုပ်ခွင် အတွင်းရှိ လုပ်သား များ၏အစီ ရင်ခံစာများ | • ထောက်ပံ့ပို့ ဆောင်ရေး မန်နေဂျာ | • လုပ်ငန်းမန် နေဂျာ<br>• အလျှုရှင် အေဂျင်စီ | • သိုလှောင်ထားသော ပစ္စည်းများ အလုံအလောက် ရရှိနိုင်မှုနှင့် အလုပ်ခွင်အတွင်းသို့ ဖြန့်ဝေမှု သေချာလုပ်ပါ။<br>• ကုန်ပစ္စည်းများ ကောင်းမွန်နေပါစေ။ | • ပစ္စည်းမှာယူရမည့် အရေအတွက်<br>• မှာကြားရန်အချိန်<br>• အရေးပေါ်လိုအပ်မှု အတွက် သိမ်းထားရမည့် ပမာဏ |
| ၃။ အကျိုးရလဒ်များ | | • သုံးစွဲသူကဒ် များ၊ ပုံစံများ<br>• ဆေးခန်းစာ ရင်းများ<br>• အလုပ်ခွင် လုပ်သား များ၏အစီရ င်ခံစာများ | • စီဘီဒီလုပ် သားများ<br>• ဆေးခန်း သူနာပြု<br>• အလုပ်ခွင် ကြီးကြပ်သူ များ | • အလုပ်ခွင် ကြီးကြပ်သူ များ<br>• လုပ်ငန်းမန် နေဂျာ<br>• အလျှုရှင် အေဂျင်စီ | • ရည်မှန်းချက် များ လက်တွေ့ကျ ကျ ဖြစ်စေပါ။<br>• အကူအညီပေး ထားသည့် ဝန်ဆောင်မှု လုပ်ငန်းများ၏ အရည်အသွေး ကို သုံးသပ်ပါ။<br>• လုပ်ငန်း ဝန်ဆောင်မှု များ၏ သင့်တော်မှုကို သုံးသပ်ပါ။ | • ရည်မှန်းချက်များ ကို ပြန်ဆန်းစစ်ပါ။<br>• ဝန်ထမ်းများကို ပြန်လေ့ကျင့်ပါ။<br>• အိုင်အီးစီ မဟာဗျူဟာကို ပြန်ဆန်းစစ် ပြုပြင်ပါ<br>• လုပ်ငန်းမဟာဗျူ ဟာနှင့်ချဉ်းကပ်မှု ကို ပြန်ဆန်းစစ်ပါ။ |



## သင်ထောက်ကူ စာစဉ် ၆ - ၃
## ဆန်းစစ်သုံးသပ်ခြင်း ပုံစံအမျိုးမျိုး

| | |
|---|---|
| **ကိုယ့်ဖာသာကိုယ်<br>ဆန်းစစ်သုံးသပ်ခြင်း** | ဤအချက်သည် အဖွဲ့အစည်းတခု၊ လုပ်ငန်းတခုက ကိုယ့်ကိုယ်ကို မှန်ထောင်ကြည့်သလို ကိုဘယ်လို လုပ်ငန်းဆောင်ရွက်နေသည်ကို ပြန်လည်ဆုံးဖြတ်ခြင်းဖြစ်သည်၊ ဤနည်းသည် လေ့လာမှု နည်း လမ်းတခုအဖြစ် လုပ်ငန်းဆောင်တာ များတိုးတက်ကောင်းမွန်စေရန် ဖြစ်သည်။<br>ဤနည်းလမ်း ကိုယ်လုပ်ငန်းကို ဘယ်လိုလုပ်နေသည်ကို အလွန်ထင်ဟပ်သည် ကိုယ့်အကြောင်းကို ပြန်ကြည့်သော ရိုး သားသည့် အဖွဲ့အစည်း သည် ဤအချက် ကို ထိထိရောက်ရော က် လုပ်ကြပါသည်။ ၎င်းအပြင် အရေးကြီး သည့် လေ့လာမှု အတွေ့အကြုံ ရနိုင်ပါသည်။ |
| **လူအများ ပါဝင်<br>ဆန်းစစ်သုံးသပ်ခြင်း** | အတွင်းပိုင်း ဆန်းစစ်သုံးသပ်ခြင်း ပုံစံတခုဖြစ်သည်။ လုပ်ငန်းခွင်ထဲတွင် တိုက်ရိုက် ပါ ဝင်သူများ တတ်နိုင်သလောက် အများအပြား ပါ ဝင်ပတ်သက်ဖို့ ရည်ရွယ်ပါသည်။ ဤအချက်သည် စီမံကိန်း ဝန်ထမ်းများ နှင့် အကျိုးကျေးဇူး ခံစားရရှိသူများသည် ဆန်းစစ်သုံးသပ်ခြင်းကို အတူတကွ လုပ်ကိုင်ကြသည်ဆိုသည့် သဘောမျိုး ဖြစ်ပါသည် ။ အပြင်မှ လူတယောက်ကို ဖိတ်ခေါ်လျှ င် သူသည် လုပ်ငန်းစဉ်တွင် အစီအစဉ်များ ချောမွေ့အောင် ကြား ဝင်စီစဉ်ပေးသူသာဖြစ်ပြီး ပြင်ပမှ ဆန်းစစ်သုံး သပ်သူတယောက် မဟုတ်ပါ။ |
| **အချိန်တိုအတွင်း<br>လုပ်ငန်းမစတမီ<br>အခြေနေအား ရပ်ရွာလူထု<br>ပါဝင် ဆန်းစစ်ခြင်း** | အချိန်တိုအတွင်း လူများ ပါ ဝင် ဆန်းစစ်ခြင်းနည်းလမ်းကို အစပိုင်းက ကျေးလက်ဒေသများတွင် အသုံးပြုခဲ့သောလည်း အလားတူနည်းလမ်း လူမှုအသိုင်းအဝိုင်းအများစုတွင် အသုံးပြုနိုင်ပါသည်။ ဤနည်းလမ်း သည် အရည်အတွက်ထက် အရည်အသွေးကို ဆန်းစစ်သုံးသပ်ခြင်း နည်းလမ်း များဖြစ်ပါသည်။ အချိန်တိုတိုအတွင်း ပညာရပ်နယ်ပယ်စုံပါ ဝင်သောအသင်း တခုက ဆောင်ရွက်သော တစိတ်တပိုင်းအားဖြင့် ကြိုတင်ပြင်ဆင်ထားသော နည်း |

| | |
|---|---|
| | လမ်းဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ ၎င်းနည်းလမ်းကို အချိန်တိုအတွင်း၊ ကုန်ကျစရိတ် သက်သက်သာသာနှင့် ဒေသခံ အခြေအနေများနှင့် သတင်း အချက်အလက်များကို စုဆောင်းရာတွင် အသုံးဝင်သော နည်းလမ်းဖြစ်သည်။<br>၎င်းတွင် တဆင့်ခံ အချက်အလက်သုံးသပ်ချက် အသုံးပြုမှု၊ တိုက်ရိုက် စူးစမ်းလေ့လာမှု၊ တစိတ်တပိုင်းအားဖြင့် အသင့်ပြင်ထားသော အင်တာဗျူးများ၊ အဓိက သတင်းပေးသူများ၊ အုပ်စုလိုက် အင်တာဗျူးများ၊ ကစားပွဲများ၊ ကားချပ်များ၊ မြေပုံများနှင့် ပြက္ခဒိန်များ ပါဝင်သည်။ ဆန်းစစ်သုံး သပ်မှု လုပ်ငန်းစဉ်တွင်၊ စီမံကိန်းမှ အကျိုးအမြတ်ခံစားရမည်ဟု ယူဆရသူများမှ တန်ဖိုးရှိသော ပါ ဝင်မှုကိုရရန် ဖြစ်သည်။ ၎င်းသည် အပြန်အလှန်ပူးပေါင်းပါဝင်မှုရှိပြီး အခြေနေနှင့်အညီ ပြောင်းလဲ နိုင်သော ရှိသောနည်းလမ်းဖြစ်သည်။ |
| **ပြင်ပမှ ဆန်းစစ်သုံးသပ်ခြင်း** | ဤအပိုင်းသည် ပြင်ပမှ သေချာစွာ ရွေးချယ်ထားသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့တဖွဲ့မှ ဆန်းစစ်သုံးသပ်ခြင်းမျိုးဖြစ်သည်။ |
| **အတွင်းပိုင်းအပြန်အလှန် ဆန်းစစ်သုံးသပ်ခြင်း** | ဤအပိုင်းသည် ပြင်ပမှ ဆန်းစစ်သုံးသပ်သူ သို့မဟုတ် ဆန်းစစ်သုံးသပ်သည့် အဖွဲ့နှင့် ဆန်းစစ်သုံးသပ်ခြင်းအလုပ်ခံရမည့်လုပ်ငန်း၊ အဖွဲ့အစည်းကြားတွင် အမှန်တကယ်ကို တက်တက်ကြွကြွ အပြန်အလှန် ဆက်စပ်လုပ်ရသော အပိုင်း ဖြစ်ပါသည်။ တခါတရံ အတွင်းလူတဦးဦးလည်း ဆန်းစစ်သုံးသပ်သည့် အဖွဲ့တွင် ပါဝင်နိုင်ပါသည်။ |

## *WORKSHEET 6 – 4*

## သင်ထောက်ကူ စာစဉ် ၆ - ၄

CASE STUDY

ဖြစ်ရပ်လေ့လာမှု

### "လူငယ့်စွမ်းအင်" အဖွဲ့အကြောင်း မိတ်ဆက်ခြင်း

**"လူငယ့်စွမ်းအင်"** အဖွဲ့သည် ၂၀၀၀ ခုနစ်က မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင် လူငယ် လုပ်အားပေးများဖြင့် စတင်ဖွဲ့စည်းခဲ့သည့် ရပ်ရွာအခြေပြု အဖွဲ့အစည်းတခုဖြစ်ပါ သည်။ ထိုကာလက ဘွဲ့ရခါစ လူငယ်လုပ်အားပေး ငါးဦးဖြင့် ထိုအဖွဲ့ အစည်းကို စတင်ခဲ့ပါသည်။ သူတို့သည် သူတို့ရပ်ကွက်တွင် ဆယ်တန်း ကျောင်းသူ ကျောင်းသားများကို အခမဲ့ကျူရှင်ပေးခြင်းဖြင့် စခဲ့ကြသည်။ လုပ်အားပေးသူအများစုမှာ ဆယ်တန်း အောင်မြင်ပြီး တက္ကသိုလ်ဆက်တက်ရန် စောင့်ဆိုင်းနေကြသူများဖြစ်ပါသည်။ သူတို့၏ ရန်ပုံငွေ အားလုံးမှာ အလှူရှင်များ၏ လှူဒါန်းငွေများမှ ရရှိပါသည်။ သူတို့၏ဘတ်ဂျက်သည် ၂၀၀၇ ခုနစ်တွင် အမြင့်ဆုံးသို့ ရောက်ရှိ လာသည့်အခါ၊ အလှူရှင်ထံမှအကူအညီကို တဖြည်းဖြည်းနည်းလာခဲ့သည်။ သူတို့မှာ အချိန်ပြည့် ဝန်ထမ်း ၆ ဦးနှင့် တပတ်လျှင် နာရီ ၁၅ နာရီမှ ၂၀ နာရီအထိ အလုပ် လုပ်ပေးကြသည့် အချိန်ပိုင်း ဝန်ထမ်း ၂ ဦးရှိသည်။ သူတို့တွင် မော်လမြိုင်မြို့ရှိ နေရာအသီးသီးမှ လုပ်အားပေးသူ ၂၀ ကျော်ရှိသည်။

**"လူငယ့်စွမ်းအင်"** အဖွဲ့သည် အသက် ၁၀ နှစ်မှ ၁၈ အရွယ်ရှိကြသော လူငယ်များကို ပညာရေးနှင့်ဆိုင်သော လှုပ်ရှားမှုများ၊ အပန်းဖြေစရာကိစ္စရပ်များကို ထောက်ပံ့ပေးသည်။ နောက်ခံအကြောင်းအမျိုးမျိုး၊ အတွေ့အကြုံ အမျိုးမျိုးရှိသည့် လူငယ်များကို ဆွဲဆောင်သော လက်ကမ်းသော အားထုတ်ကြိုးပမ်းမှုကို လုပ်သည်။ သူတို့မှာ လက်ရှိ အဓိကလုပ်ငန်း ၄ ခုရှိပါသည်။

- နှစ်စဉ် နွေရာသီလူငယ်စခန်း ဖွင့်လှစ်ခြင်း (တကြိမ်လျှင် သီတင်း ၈ ပတ်ပြုလုပ်သည့် အစီအစဉ်များ)
- မြို့လယ်ကောင်ရှိ လူငယ်ရိပ်သာတွင် အလေးမရုံဟောင်းတခု၊ စာသင်ခန်းပုံစံ အစုံသုံး အခန်း၃ ခန်းနှင့် လှူဒါန်းထားသည့် ကွန်ပျူတာ ၉ လုံးနှင့် ကွန်ပျူတာသင်တန်းပေးရန် အခန်းငယ် တခန်း အား စီမံအုပ်ချုပ်ခြင်း
- သူတို့သည် ဒေသတွင်းရှိ ကျောင်း ၄ ကျောင်းနှင့် သက်တူရွယ်တူ ပညာရေးဆိုင်ရာ အောင်လက်မှတ်ပေးသည့် အစီအစဉ်ကို ပူးပေါင်းလုပ်ဆောင်ပြီး၊ ဆယ်ကျော်သက် မျိုးဆက်ပွားကျန်းမာရေး ပညာပေးသင်ရိုးညွှန်တမ်းတခုကို ကမကထပြုစီစဉ်ပေးသည်။
- ကျောင်းပြင်ပအားကစားနှင့် အပန်းဖြေစရာအစီအစဉ်များကို ပြုလုပ်ပေးခြင်း (လူငယ်ရိပ်သာတွင် ပြုလုပ်ခဲ့သည်။)

၂၀၀၉ ခုနစ်သည် အန်ဂျီအိုအတွက် အခက်အခဲရှိသည့် နှစ်တနှစ် ဖြစ်ခဲ့ပါသည်။ ၂၀၁၀ ခုနစ်တွင် သူတို့၏ အဓိကအလှူရှင်များသည် ရန်ပုံငွေ၏ ၅၀%ကို ဖြတ်တောက်တော့မည်ဖြစ်ကြောင်း မကြာခင်ကပဲ သိရှိလိုက်ပါသည်။ ထိုသတင်းကို သိရသည့်အတွက် သူတို့ စိတ်ပျက်စရာဖြစ်သွားကြသော်လည်း ဒေသအတွင်းရှိ တခြားအန်ဂျီအိုများကြုံတွေ့ခဲ့ကြရသလို အလှူရှင်များက အပြည့်အဝ ရုတ်သိမ်းမသွားခြင်းသည် သူတို့အတွက် ကံကောင်းသေးသည်ဟုလည်း ယူဆခဲ့ကြပါသည်။ သူတို့သည် ဖြစ်နိုင်သည့် ရန်ပုံငွေရှာဖွေရေးကိစ္စများကို စတင်စုံစမ်းရှာဖွေကြစဉ်မှာပင်၊ အဖွဲ့အစည်းတခုလုံးနှင့်ပတ်သက်၍လည်းကောင်း၊ သူတို့အစီအစဉ်များရှိ ဦးစားပေးရမည့် အစီအစဉ်များနှင့်ပတ်သက်၍လည်းကောင်း တချို့သော ဆုံးဖြတ်ချက် များကို ချက်ကို ချရတော့ မည်ဆိုသည်ကို သိမြင်လာကြသည်။

လူငယ့်စွမ်းအင် ဦးဆောင်သူ ကိုသီဟသည် လက်ထောက်ခေါင်းဆောင် မနွယ်ကို သူ့စိုးရိမ်မှုများနှင့်ပတ်သက်ပြီး ပြော ပြောပြသည်။ ထို့နောက် သူတို့၏ လက်ရှိအခြေအနေ၊ အနာဂတ် ဘဏ္ဍာရေးအခြေအနေတို့နှင့် ပတ်သက်၍ ဝန်ထမ်းများအားလုံးကို ပွင့် ပွင့်လင်းလင်း ရှင်းပြရန် အလုပ် ချိန်နောက်ပိုင်း တညနေတွင် အစည်းအဝေးတရပ် ခေါ်ဖို့ ဆုံးဖြတ်လိုက်ကြသည်။ ဝန်ထမ်းအားလုံးသည် အဖွဲ့အစည်း၏ အနာဂတ်အရေးနှင့်ပတ်သက်ပြီး စိုးရိမ်နေကြောင်းနှင့် အဖွဲ့အစည်း၏ အခြေနေသည် ယိုင်နဲ့နေကြောင်း သတိပြုမိ သည့်အတွက်၊ ထိုအစည်းအဝေးတွင် သူတို့၏ စိုးရိမ်မှုများကို ထုတ်ဖေါ်စေရန် ဝန်ထမ်းများကို ဖွင့်ပေးခဲ့ပါသည်။

အစည်းအဝေးသည် အခက်အခဲရှိခဲ့ သော်လည်း အကျိုးရှိခဲ့ပါသည်။ ဤအချိန်သည် ခက်ခဲသော အချိန်ကာလတခုဖြစ်သည်ကို အားလုံး သိခဲ့ကြပါသည်။ သို့သော် ထိုအကြောင်းအရာကို တဖွဲ့လုံး ဝိုင်းဝန်း ဆွေးနွေးခဲ့ကြတာ ကောင်းပါသည်။ အဖွဲ့အစည်းဆက်လက်ရှင်သန်နိုင်ရန် အလုပ် ၂ ခု လုပ်ကိုလုပ်ရမည် ဟူသော ယေဘူယျသဘောတူကြသည့် အချ က် ၂ ချက် ပေါ်ထွက်လာခဲ့ပါသည်။ ပထမတခုမှာ လစ်လပ်သွားသော အလှူရှင်နေရာတွင် အစားဖြည့်နိုင်ရန် ရန်ပုံငွေရှာဖွေရေးအတွက် ပိုမိုတက်တက်ကြွကြွ အားထုတ်လုပ်ဆောင်ကြရလိမ့်မည်။ ဒုတိယတခုမှာ လက်ရှိလုပ်ငန်းများကို ပြနလည်ဆန်းစ စ်ကြည့်ဖို့လိုကြောင်း သိမြင်ခဲ့ကြပြီး အနာဂတ်မှာ ဘယ်လုပ်ငန်း တွေကို ဆက်လုပ်သင့်သလဲ ၊ ဘယ်လုပ်ငန်းများကို အခြေခံကျကျ ပြောင်းလဲသင့်သလဲနှင့် ဘယ်လုပ်ငန်းများကို လုံး၀ ရပ်ပစ်သင့်လဲ ဆိုတာများကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

လူငယ်ရိပ်သာသည် အထူးအလေးထားဖို့လိုအပ်သည့် လုပ်ငန်းတခုဖြစ် လူတိုင်း သဘောတူညီကြသည်။ လွန်ခဲ့သော ၃ နှစ်အတွင်း လူငယ် ရိပ်သာ အဖွဲ့အစည်း၏ ဆုံရပ်တခု ဖြစ် ခဲ့ပြီး၊ လူငယ့်စွမ်းအင် ဦးဆောင် မှုများကို ပြသရာ ပြယုဒ် နေရာတခုလည်း ဖြစ်ခဲ့ပါသည်။ မြို့လည်ကောင်ရှိ အဓိကနေရာ ဖြစ်သောကြောင့် လူအများ အသုံးပြုရန် အဆင်ပြေသော နေရာတခုဖြစ်သည်။ တက်တက်ကြွကြွနှင့် လုပ်ရည်ကို င်ရည်ရှိသည့် စီဘီအိုတခုဖြစ်ကြောင်းနှင့် ဂုဏ်သိက္ခာကို ပိုမိုမြင့်တက်စေသည့် ပြယုဒ်တခုလည်း ဖြစ်ခဲ့ပါသည်။

သို့သော် ၁၂ လကျော် ကြာသောအခါ ရိပ်သာ ဝန်းကျင်ရှိ အခြေအနေတော်တော်များများသည် အပြောင်းအလဲ ဖြစ်သွားခဲ့ပါသည်။ စီဘီအို၏ အချိန်နှင့် ဘဏ္ဍာရေးရင်းမြစ်များအပေါ်တွင် ခြေကုန် လက်ပန်း ကျလာသည်။ ပထမ ၂ နှစ်တွင့် မြို့နယ်အဏာပိုင်များမှ ရိပ်သာနေရာနှင့် အသုံးဆောင်ပစ္စည်းများ အား အခမဲ့သုံးခွင့်ပြုခဲ့သည့် အတွက်ကြောင့် အလကားနီးပါ သုံးခွင့်ရှိခဲ့သည်။ လူငယ်စွမ်းအာင်အဖွဲ့မှ အဆောက်အဦနိ်ငှဖွ ်ညမှ ဒအာ ပ အထွေထွေ ထိန်းသိမ်းပြုပြင်ခြင်း နှင့် အထွေထွေ စရိတ်များဖြစ်သာ ရေခ ၊မီးခ များကို ပေးဆောင်ခဲ့ရသည်။ နောက်တနစ်ကြာသော် အဏာပိုင်များမှ လူငယ်စွမ်းအင် အဖွဲ့စည်းထံမှ မဆိုစလောက်သော ဌားရမ်းခကို စတင်တောင်းခံခဲ့ပြီး တဖြေးဖြေးမြှင့်တင် တောင်းခံခဲ့ရာ နောက်ပိုင်းလေးနှစ်တွင် ဌားရမ်းခမှ ပေါက်ဈေး အတိုင်း ဖြစ်လာခဲ့သည်။ ပထမဆုံးနှစ် ဌားရမ်းခ ပေးဆောင်ရခြင်းအတွက် သူတို့၏ ရသုံးမှန်းခြေ ငွေစာရင်း အားထိခိုက်စေခဲ့သော်လည်း ဈေးမှာ အသင့်အတင့်ဖြစ်ပြီး ရသုံးမှန်းခြေ ငွေစာရင်းနှင့် အညီ စီမံခန့်ခွဲနိုင်ခဲ့သည်။ သို့သော် နောက်နှစ်အတွက် ဌားရမ်းခ တိုးမြှင့်လာမှု လူငယ်အလင်းအဖွဲ့အတွက် စိတ်ပူစရာဖြစ်လာခဲ့သည်။

ထပ်ဖြည့်ပြောရလျှင်၊ တချို့သော ပစ္စည်းများသည် ဆက်လက်သုံးစွဲရန် မဖြစ်တော့ဘဲ ပြန်ပြင်ရန် လိုအပ်လာသည်။ တချို့ပစ္စည်းများ ပြုပြင်ထိန်းသိမ်းရန်မှာ လွယ်ကူသည် ။ ဥပမာ - ဆေးပြန်သုတ်ခြင်း၊ သန့်ရှင်းရေး လုပ်ခြင်းတို့မှာ လုပ်အားပေးသူ များ၏ အကူအညီဖြင့် လုပ်လိုက်၍ ရနိုင်သည့်ကိစ္စများဖြစ်သည်။ သို့သော် တချို့ကိစ္စများမှာ ကျွမ်းကျင်သူ လိုအပ်သည်။ ဥပမာ - လျှပ်စစ်ဝါယာများ ပြန်ရိုက်ရန်၊ ခေါင်မိုး အပေါက်များ ပြင်ရန်၊ ကွန်ပျူတာသုံးစွဲနေသူများအတွက် လိုအပ်သည့် စားပွဲခုံများ ကုလားထိုင်များဝယ်ရန်နှင့် တခြား အထူးပြု သုံးရသည့်ပစ္စည်းများဝယ်ရန်တို့ဖြစ်သည်။

စီမံကိန် ဝန်ထမ်းများ၏ ကာလအတန်ကြာကတည်းက နှစ်သက်သော လူငယ်ရိပ်သာသည် အရင်းအမြစ်များ ယိုပေါက်တခု ဖြစ်လာပြီး အထူးသဖြင့် ဆယ်ကျော်သက် မျိုးပွားကျန်းမာရေး ပညာပေးသင်ရိုး ညွှန်တမ်း သက်တူ ရွယ်တူ ပညာရေးဆိုင်ရာ လက်မှတ်ပေးသည့် အစီအစဉ် တို့မှ ဖြစ်သည်ကို အားလုံးက လက်ခံသဘောတူကြသည်။ နှစ်အနည်းငယ် ကတည်းက ၏လူငယ်ရိပ်သာ လုပ်ငန်းများနှင့်ပတ်သက်ပြီး အလှူရှင်များကို ပြရသည်မှာ လွယ်ကူလာပါသည်။ သူတို့သည့် လူပ်ရှားမှုဘယ်လောက်များများ လုပ်နိုင်သလဲ ကလေးငယ် ဘယ်လောက်များများ ပါ ဝင်လာသလဲ စသည်ဖြင့် ဆိုတာကို အလွယ်တကူအစီရင်ခံနိုင်သည်၊ *သိသာမြင်သာသော လုပ်ငန်းတခု* ဖြစ်ခဲ့ပါသည်။ ဆယ်ကျော်သက် မျိုးပွား ကျန်းမာရေး သင်တန်းသည် သိသာမြင်သာသော လူပ်ရှားမှုတခု မဟုတ်သောကြောင့် မကြာခန ဆိုသလိုပင် ဘတ်ဂျက်ပြုစုနေချိန်အတွင်း အလွယ်တကူဖြစ် လျစ်လျူရှု ခံရသလိုဖြစ်လာသည်။

ရသုံးမှန်ခြေငွေစာရင်းနှင့် ရင်းမြစ်အခြေနေ အခက်အခဲတို့နှင့် ထိပ်တိုက်တွေ့လာကြသည့်အခါတွင်၊ အသင်းဝင်တချို့က ရင်းမြစ်များနှင့် စွမ်းအင်များကို ပြန်လည် စုစည်းနိုင်ရန် ရွေ့နိုင်ရန် အတွက် ARH သင်ရိုးအစီအစဉ်ကို ရပ်ပစ်လိုက်ပြီး၊ လူငယ်ရိပ်သာကို ဆက်လက်ထိန်းသိမ်း ထားရန် အကြံပြုလာကြပါသည်။ သို့သော် မနွယ်က ယခုအကြံပြုချက်သည် *ဘာကြောင့်*ကောင်းသလဲလို့ ရှင်းပြရန် ပြောသောအခါတွင် နိုင်မာသည့် အချက်အလက်များပေါ်တွင် အခြေခံ၍ အခန်းထဲရှိ ဘယ်သူတဦးတယောက်မျှ ရှင်းမပြနိုင်ခဲ့ပါ။ သူတို့၏ ဝန်ဆောင်မှုကို အသုံးပြုနေသူများ သို့မဟုတ် ရပ်ရွာအ သိုင်းအဝိုင်းထဲမှ လူများသည် ထိုအလုပ် ၂ ခုစလုံးနှင့် ပတ်သက်ပြီး ဘယ်လိုသဘောထားရှိကြသလဲဆိုသည်ကို သူတို့မသိကြောင်း နှင့် ဘယ်လုပ်ငန်းက ပိုအောင်မြင်မှုရှိသလဲ၊ လူမှု အသိုင်းအဝိုင်းအပေါ်တွင် ပိုမိုအကျိုးသက်ရောက်မှု ရှိသလဲဆိုတာကို သူတို့ မသိကြောင်းကို ချက်ချင်း သဘောပေါက်သွားခဲ့ကြပါသည်။ ဤအချက်များသည် အဖွဲ့အစည်းတခု၏ အနာဂတ် လမ်းကြောင်းအတွက် ဆုံးဖြတ်ချက်မချခင်မှာ မေးဖို့လိုအပ်သော၊ ဖြေဖို့လိုအပ်သော မေးခွန်းများပင်ဖြစ်သည်။

ကိုသီဟက **လူငယ်ရိပ်သာ**နှင့် ARH အစီအစဉ်မှ စတင်ပြီး အဖွဲ့စည်းလုပ်ငန်းများကို ဆန်းစစ်သုံးသပ်ချက် စလုပ်ဖို့ အချိန်တန်ပြီဖြစ်ကြောင်း ထောက်ပြပါသည်။ အဖွဲ့အစည်းသည် အရင်က အခြေခံ ဆန်းစစ်သုံးသပ်ခြင်း အလုပ်ကို လုပ်ခဲ့ကြပါသည်။ သို့သော အမြဲတန်း ဆန်းစစ်သုံးသပ်ခြင်းကို တောင်းဆိုသည့် အလှူရှင် အဖွဲ့အစည်းမှ ဝန်ထမ်းအကူအညီ သို့မဟုတ် လမ်းညွှန်ချက်နှင့် လုပ်ခဲ့ကြပါသည်။ နှစ်စဉ်လုပ်ငန်း အစီရင်ခံစာများကိုလည်း ပေးခဲ့ပါသည်။ သို့သော် လုပ်ငန်းများနှင့်ပတ်သက်၍ အသေးစိတ် ခရေစေ့တွင်းကျ ဆန်းစစ်သုံးသပ်သည်ထက် အဖြစ်အပျက်များ၊ ဆောင်ရွက်ချက်များ၏ အချုပ် ကိုသာ ပိုလုပ်ပေးခဲ့ကြပါသည်။ ပြင်ပမှ အကြံပေးပုဂ္ဂိုလ်များလည်း ပြီးခဲ့သည့် ၆ နှစ်အတွင်းမှာ ဝန်ထမ်းများနှင့် တွေ့ဆုံရန် ၂ ကြိမ်လာရောက်ခဲ့ပြီး၊ သူတို့လုပ်ငန်းကို သုံးသပ်ခဲ့ကြပါသည်။ သို့သော် အဖွဲ့အစည်းက အတိုင်ပင်ခံများကို ကြိုဆိုပြီး၊ သတင်းအချက်အလက်များလည်းပေးခဲ့သော်လည်း သူတို့သည် ဆန်းစစ်သုံးသပ်ခြင်း လုပ်ငန်းစဉ်ကို အတွင်း မေးခွန်းများကို ဖြေကြားခြင်းနှင့် သတင်းအချက်အလက်များကို ပံ့ပိုးပေးခဲ့သော်လည်း ထဲထဲ ဝင်ဝင် ပူးပေါင်းဆောင်ရွက်မှု မလုပ်ခဲ့ပါ။

သူတို့သည် သူတို့ဖာသာသူတို့ လုပ်ငန်းဆိုင်ရာဆန်းစစ်သုံးသပ်ခြင်းကို လုပ်ဆောင်နိုင်ရန်၊ သူတို့ဖာသာသူတို့ ဆန်းစစ်သုံးသပ်ခြင်းအခြေခံကို လေ့လာဖို့လိုအပ်ကြောင်း သဘောပေါက်ခဲ့ကြပါသည်။ သူတို့သည် တချို့သော အန်ဂျီအို ရင်းမြစ်စင်တာများမှ ဆန်းစစ်သုံးသပ်ခြင်းသင်တန်းနှင့်ဆိုင်သည့် အကြောင်းအရာများကို စတင် စုခဲ့ကြပါသည်။ အားထုတ်မှု ၂ မျိုးကိုလည်း လုပ်ခဲ့ကြပါသည်၊ ဝန်ထမ်းများကို ဆန်းစစ်သုံးသပ်ခြင်း အခြေခံ နည်းနာသင်တန်းများ နှင့် ထိုကျွမ်း ကျင်မှုများဖြင့် **လူငယ်ရိပ်သာ**နှင့် ARH လုပ်ငန်းများနှင့် ပတ်သက်သည့် ဆန်းစစ်သုံးသပ်ခြင်းတွင် အသုံးပြုကြပါသည်။

# သင်ထောက်ကူ စာစဉ်- ၆ - ၅
# ဆန်းစစ်သုံးသပ်ခြင်း အခြေခံများ

1. Read the case study carefully and break it down into its component parts. Fill in the sample table, adding more space if needed.

<table>
<tr><th>အစီအစဉ်</th><th>စီမံကိန်း</th><th>ဆောင်ရွက်ချက်</th></tr>
<tr><td rowspan="4"></td><td rowspan="2"></td><td></td></tr>
<tr><td></td></tr>
<tr><td rowspan="2"></td><td></td></tr>
<tr><td></td></tr>
<tr><td rowspan="4"></td><td rowspan="2"></td><td></td></tr>
<tr><td></td></tr>
<tr><td rowspan="2"></td><td></td></tr>
<tr><td></td></tr>
</table>

၂) ဆန်းစစ်သုံးသပ်ခြင်းလုပ်ရန် "လူငယ့်စွမ်းအင်" အဖွဲ့အား လှုံ့ဆော်လိုက်သည့် အချက်များထဲက တချို့မှာ ဘာလဲ။

၃) အဖွဲ့အစည်းသည် ခက်ခဲသော အဆုံးအဖြတ်များကို ချမှတ်ရမည့် အခြေအနေနှင့်ပတ်သက်၍ စဉ်းစားကြည့်ပါ။ ထိုဆုံးဖြတ်ချက်ကို ချမှတ်ရန် ဆန်းစစ်သုံးသပ်ခြင်းမှ စုစည်းရရှိလာသောအချက်အလက်များကို အသုံးပြုခဲ့ပါသလား။ ဘာကြောင့် အသုံးပြုသလဲ သို့မဟုတ် ဘာကြောင့် အသုံးမပြုသလဲ။

၄) ဆန်းစစ်သုံးသပ်ခြင်းကနေ အကျိုးရှိနိုင်သည်ဟု သင် ယူဆသော အဖွဲ့အစည်းထဲရှိ အတွင်းပိုင်း ဖြစ်စဉ် ရှိသလား။ ဘာကြောင့်လဲ။

# သင်ထောက်ကူ စာစဉ် ၆ - ၆
# လုပ်ပိုင်ခွင့်နှင့်တာဆန်များ




**လုပ်ပိုင်ခွင့်နှင့်တာဝန်များ** တွင် ယေဘူယျအားဖြင့် -
**နောက်ခံအကြောင်း -** ဤအချက်သည် လုပ်ငန်း သို့မဟုတ် အဖွဲ့အစည်း၏ နောက်ခံအကြောင်းဖြစ်သ ည်။ သတ်မှတ်ထားသည့် ပြဿနာတစုံတရာ၊ ဘာလုပ်သလဲ၊ သင်တည်ရှိနေတာ ဘယ်လောက်ကြာပြီလဲ၊ ဆန်းစစ်သုံးသပ်ခြင်းလုပ်ရန် ဘာကြောင့်ဆုံးဖြတ်သလဲ။
**ရည်ရွယ်ချက် -** ဤနေရာတွင် အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းသည် ဘယ်အခြေအနေကို ရရှိချင်သည့်အတွက် ဆန်းစစ်သုံးသပ်ခြင်းကို လုပ်ချင်ကြောင်း သင်ပြောရလိမ့်မည်။
ဆန်းစစ်သုံးသပ်ခြင်း၏ ရည်ရွယ်ချက်သည် သင် ဘာကြောင့် ဒါကို လုပ်ရသလဲဆိုသည့် အကြောင်းပင်ဖြစ်သည်။ သင်ဘာကြောင့်သိချင်တာလဲဆိုသည်မှာ သင် ဘာကိုသိချင်တာလဲဆိုသည့် နောက်တွင် ရှိပါသည်။ ယေဘူယျအားဖြင့် အများဆုံး ဝါကျတကြောင်း၊ စာတပုဒ်နှင့် ပြော၍ရပါသည်။ အဖိုး နှစ်ပိုင်းရှိပါသည်။

- ဘာကို ဆန်းစစ်သုံးသပ်ချင်တာလဲ၊
- နောက်ဆုံး လုပ်ချင်တာက ဘာလဲ။

<u>ဆန်းစစ်သုံးသပ်ခြင်း ရည်ရွယ်ချက် ဥပမာများ -</u>
*လုပ်ငန်း၏ အနာဂတ်နှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် လိုအပ်သည့် သတင်းအချက်အလက်များကို အဖွဲ့အစည်းအား ပံ့ပိုးရန်။*

*ဘယ်နေရာတွင်မဆို ပုံစံတူ ပြန်ဖြစ်မလား မဖြစ်ဘူးလားဆိုတာကို ဆုံးဖြတ်နိုင်ရန်အလို့ငှာ အဖွဲ့အစည်း / လုပ်ငန်းသည့် စီစဉ်ထားသည့်သက်ရောက်မှု ရှိနေသလားဆိုတာ သုံးသပ်ရန်။*

*သူ၏ လုပ်ငန်းလည်ပတ်မှု တိုးတက်လာရန် အသုံး ဝင်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှု၊ ပစ်မှတ်အုပ်စု အပေါ်တွင် သက်ရောက်မှု၊ အကျိုးရလဒ်အချက်များဖြင့် လုပ်ငန်းစဉ်ကို သုံးသပ်ရန်။*

ရည်ရွယ်ချက်သည် ကျယ်ပြန့်သည့် ဆန်းစစ်သုံးသပ်ခြင်းဖြစ်စဉ်ကို တချို့အလေးထားစရာများကို ပေးပါသည်။

.

**အဓိက ဆန်းစစ်သုံးသပ်ခြင်း မေးခွန်းများ** - ဆန်းစစ်သုံးသပ်ခြင်းက အဓိကကိုင်တွယ်ရမည့် အချက်အခြာမေးခွန်းများမှာ ဘာလဲ။

အဓိကကျသော ဆန်းစစ်သုံးသပ်ခြင်းမေးခွန်းများသည် သင် ဆန်းစစ်သုံးသပ်ခြင်း လုပ်ငန်းစဉ်တခုကို ဖြေစေချင်သော အချက်အခြာမေးခွန်းများပင်ဖြစ်သည်။ ယင်းတို့သည် လွယ်ကူသော မေးခွန်များမဟုတ်ပေ။ မေးခွန်းများသည် ဟုတ်တယ် မဟုတ်ဘူး ဟုဖြေဆိုရခဲသည်။ အသုံးဝင်သော မေးခွန်းများမှာ

- များများ စဉ်းစားခြင်း
- ယူဆချက်များကို စိန်ခေါ်ခြင်းများ
- စုစည်းချက်များကို စုံစမ်းစစ်ဆေးမှုနှင့် တုန့်ပြန်ချက်
- ထပ်တိုးမေးခွန်းများကို ဖေါ်ထုတ်ခြင်း

*ဆန်းစစ်သုံးသပ်ခြင်း အဓိကမေးခွန်းများ၏ တချို့ဥပမာများသည်*လုပ်ငန်းရည်ရွယ်ချက်နှင့် ဆက်စပ်သည်။

ဆန်းစစ်သုံးသပ်ခြင်း၏ ရည်ရွယ်ချက်မှာ *ဆက်လက်ဖြစ်ပေါ်နေမှုနှင့် ထပ်တလဲလဲ ဖြစ်ပေါ်နေမှုတို့နှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များကို အဖွဲ့သို့ အသိပေးနိုင်ရန်အလို့ငှာ သတ်မှတ်ထားသော အသိုင်းအဝိုင်းသို့ အကျိုးအမြတ်များ ရရှိစေရန်ဆောင်ရွက်သော လုပ်ငန်းသည် ဘယ်လောက် အကျိုးသက်ရောက်မှုရှိ သလဲ ဆိုတာကို သုံးသပ်ရန်ဖြစ်ပါသည်။*

<u>အဓိက ဆန်းစစ်သုံးသပ်ခြင်း မေးခွန်းများ</u>

ဘယ်သူက ဘယ်နည်းလမ်းများဖြင့် လက်ရှိမှာ စီမံကိန်းမှ အကျိုးကျေးဇူးကို ခံစားနေရသလဲ။
စိုက်ထုတ်မှုများ (ငွေကြေး နှင့် အချိန် )သည် လက်ငင်းရလဒ် များနှင့် ညီမျှသလား၊ ညီမျှလျှင် / မညီမျှလျှင်၊ ဤအချက်များ မှန်ကန်ကြောင်း ဘယ်လို သက်သေပြနိုင်မလဲ။

ဘယ်အချက်က လက်ရှိလုပ်ငန်း၏ အသုံးဝင်မှု၊ ထိရောက်မှုနှင့် သက်ရောက်မှုကို တိုးတက်စေမှာလဲ။

ပုံစံတူဖြစ်ပေါ်မှုတွင် လုပ်ငန်းမှ လေ့လာနိုင်သည့် သင်ခန်းစာများက ဘာလဲ။

သီးခြားရည်ရွယ်ချက်များ - သင် ဆန်းစစ်သုံးသပ်ခြင်း နှင့်ဖြေရှင်းလိုသော အတွင်းပိုင်း နှင့်/သို့မဟုတ် အပြင်ပိုင်း သီးခြား ဧရိယာများ။ ဥပမာ - သင် ဆန်းစစ်သုံးသပ်ခြင်းလုပ်လိုသော ဧရိယာများတွင် ငွေကြေးပိုင်ဆိုင်မှု အပေါ်တွင် သုံးသပ်ချက်၊ သို့မဟုတ် တချို့သော သီးခြား စီမံကိန်းတည်နေရာများ ပါဝင်ခြင်းတို့ ဖြစ်သည်။

**အသုံးပြုသည့် နည်းနာ** - ၎င်းသည် လုပ်ငန်း၊ အဖွဲ့အစည်းသည် ဆန်းစစ်သုံးသပ်ခြင်းအလုပ်ကို ဘယ်လိုလုပ်စေချင်သလဲဆိုတာအတွက် ကျယ်ပြန့်သည့် အလုပ်ဘောင်တခုပေးပါသည်။ သင်သည် ဆန်းစစ်သုံးသပ်ခြင်းအဖွဲ့ကို အသုံးပြုစေလိုသည့် နည်းလမ်းများကိုလည်း အကြံပြုနိုင်ပါသည်။ တာဝန်နှင့်လုပ်ပိုင်ခွင့်များသည် ၎င်းနှင့်ပတ်သက်သည့် တချို့သော ပေါင်းစပ်မှုများကို တောင်းဆိုပါလိမ့်မည်။ သို့သော် သူတို့သည် စီမံကိန်းနှင့်က တသီးတဖုံ ဆက်စပ်နေသော အုပ်စုများဆီက ဘယ်လို အချက်အလက်များ ရစေချင်သလဲဆိုတာလည်း ဆန်းစစ်သုံးသပ်ခြင်း အဖွဲ့ကို သီးခြားတောင်းဆိုနိုင်ပါသည်။

ဤနေရာတွင် အစီရင်ခံစာပုံစံများ၏ ညွှန်ပြမှုကိုလည်း မြော်လင့်ပါလိမ့်မည်။ အစီရင်ခံခြင်းအားလုံးကို ရေးသားမလား။ အသင်းက စီမံခန့်ခွဲသူများကို၊ သို့မဟုတ် ဝန်ထမ်းများအားလုံးကို၊ သို့မဟုတ် ဝန်ထမ်း၊ ဘုတ်အဖွဲ့နှင့် အကျိုးခံစားရသူများကို အစီရင်ခံရမလား။ ကြားဖြတ်အစီရင်ခံစာလား သို ့မဟုတ် နောက်ဆုံး အစီရင်ခံစာတခု လုပ်ရမလား။ ဆန်းစစ်သုံးသပ်သူ အဖွဲ့၏ တွေ့ရှိချက်များ ကျိုးကြောင်းသင့်စေရန် အဖွဲ့စည်း သို့မဟုတ် စီမံကိန်းမှ မည်ကဲ့သို့သော အထောက်အထားများ လိုအပ်သနည်း။

**ထောက်ပို့ကိစ္စများ-** ဤကိစ္စများတွင် အဖွဲ့ ့ဖွဲ့ ့စည်းရန် လိုအပ်ချက်များ၊ အသုံးစာရိတ်၊ အချိန်ကာလ စသည်ဖြင့် ပါဝင်ပါသည်။



# အပိုင်း ၇ - စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းအတွက် သတင်းအချက်အလက်များကို စုဆောင်းခြင်း

| |
|---|
| ယခုအပိုင်း ပြီးဆုံးသောအခါ တက်ရောက်လာသူများသည် စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်း ရည်ရွယ်ချက်များအတွက် လိုချင်သည့်အချက်အလက်များကိုရရှိရန် အမျိုးမျိုးသော သတင်းအချက်အလက် စုဆောင်းသည့် နည်းနာများကို ဘယ်လိုအသုံးပြုနိုင်သလဲဆိုတာ နားလည်လာပါလိမ့်မည်။ |

**အချိန် -** ၁ နာရီ ၁၅ မိနစ်ခန့်။

<u>**ပစ္စည်းများ**- (၄ ပိုင်းဖြတ်) အေဖိုး စာရွက်၊ စာရွက်အကြီးများ၊ ရေးမှတ်စရာများ</u>




---

**အဆင့် ၁ -** စီစဉ်ဆွေးနွေးသူသည် ဤအပိုင်းကို အောက်ပါအတိုင်း တက်ရောက်လာသူများကို စတင်ရှင်းပြနိုင်ပါသည်။

အချက်အလက်စုဆောင်းခြင်းသည် စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းအတွက် အရေးကြီးဆုံး အပိုင်းဖြစ်ပါသည်။ လိုအပ်ချက်များကို သုံးသပ်ရန်၊ တိုးတက်မှုများကို တိုင်းတာရန်၊ သို့မဟုတ် အကြောင်းနှင့် အကျိုးကို ဆုံးဖြတ်ရန်အတွက် သင်ရနိုင်သည့် ခိုင်မာပြီး အားထားရသော အချက်အလက်များ ရှိရပါမည်။ အသေးစိတ်ကျသော အချက်အလက်စုဆောင်းခြင်းနှင့် သတင်းအချက်အလက်စုဆောင်းခြင်း နည်းနာများသည် "လူမှုသုတေသန နည်းနာများသင်တန်း လက်စွဲ " တွင်ပါဝင်ပါသည်။ လူမှုသုတေသနကျွမ်းကျင်မှု သင်တန်းများ သို့ တက်ရောက်ခဲ့ဖူးသူများသည် ထိုနည်းနာအများအပြားနှင့် ရင်းနှီးကျွမ်းဝင်ပြီး ဖြစ်ပါလိမ့်မည်။

**အဆင့် ၂ -** "လူမှုသုတေသန နည်းနာ အမျိုးမျိုး" သင်ထောက်ကူ ၇ - ၁ ကို ဖြန့်ဝေပြီး၊ အတူတကွ ဆွေးနွေးကြပါ။ (အကယ်၍ လူမှုသုတေသနကျွမ်းကျင်မှုများနှင့် ရင်းနှီးမှုမရှိသေးလျှင် စီစဉ်ဆွေးနွေးသူသည် လူမှုသုတေသန ကိရိယာများသင်တန်း လက်စွဲကို ကြိုတင်ဖတ်ထားရန် လိုအပ်ပါသည်။)

**အဆင့် ၃** - "အခြေခံရင်းမြစ် နှင့် ဒုတိယရင်းမြစ်များ"ဆိုသည့် ဝေါဟာရများကို သိပါသလားဆိုတာ တက်ရောက်လာသူများကို မေးပါ။ ထို့နောက် တက်ရောက်လာသူများ အားလုံးကို အောက်ပါအတိုင်း ရှင်းပြပါ။

**အခြေခံရင်းမြစ်များ-** ခွဲခြမ်းစိတ်ဖြာမှုမလုပ်ရသေးသည့် သို့မဟုတ် အနက် အဓိပ္ပါယ်မပြန်ရသေးသော၊ အကြမ်းထည်အချက်အလက်ဖြစ်သည့် လက်ရင်း မူလ ရင်းမြစ်များ ဖြစ်ပါသည်။

အခြေခံရင်းမြစ်များနှင့်ပတ်သက်သည့် ဥပမာများတွင် အောက်ပါအချက်များ ပါဝင်ပါသည်။

*သင်တန်းပြန်လည် ဆန်းစစ်သုံးသပ်ခြင်းပုံစံများ၊ အကျိုးခံစားသည့်သူများ စီမံကိန်းအပေါ် စိတ်ကျေနပ်မှု ရှိမရှိ ဆန်းစစ်သော ပုံစံ၊ အဖွဲ့အစည်းဆိုင်ရာ အကဲဖြတ်သုံးသပ်ချက်ပုံစံများ*

**ဒုတိယရင်းမြစ်များ-** တခြားသုတေသနသမားတဦးက စုစည်းထားသည့် အချက်အလက်ကို အဓိပ္ပါယ်ဖော်ထုတ်ထားသော ကိုးကားထားသည့် ရင်းမြစ်များဆီက တိကျသည့်အချက်အလက်များဖြစ်ပါသည်။

ဒုတိယရင်းမြစ်များနှင့်ပတ်သက်သည့် ဥပမာများတွင် အောက်ပါအချက်များ ပါဝင်ပါသည်။

ဗမာ/မြန်မာနိုင်ငံမှ အေအိုင်ဒီအက်စ်ပြဿနာဆိုင်ရာ သတင်းစာဆောင်းပါးတပုဒ်။

ဗမာ/မြန်မာပြည်ဆိုင်ရာ EIU အစီရင်ခံစာ

**အဆင့် ၄** - အုပ်စုတခုစီကို ခေါင်းစဉ်တခုရွေးရန် ပြောပါ။ သို့မဟုတ် ဦးဆောင်ဆွေးနွေးသူသည် အုပ်စုတခုစီကို ခေါင်းစဉ်တခု ပေးနိုင်ပါသည်။ အခြေခံရင်းမြစ်နှင့် ဒုတိယရင်းမြစ်များကို ခွဲခြားပေးသည့် အောက်ပါအကြောင်းအရာများပေါ်တွင် အခြေခံနှင့် ဒု တိယ ရင်းမြစ် အချက်အလက်စုဆောင်းမှု ဘယ်လိုလုပ်ကြမလဲ ဆိုတာ မေးပါ။ (မိနစ် ၃၀ ဆွေးနွေးပြီး၊ ၅ မိနစ်စီ တင်ပြပါ။)

- အသိုင်းအဝိုင်းအတွင်းမှာရှိသည့် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် ပြီးခဲ့သည့် ငါးနှစ်အတွင်း ဘယ်လို ပြောင်းလဲခဲ့ခြင်း။
- မူးယစ်ဆေးစွဲမှုကို အောင်မြင်စွာ စွန့်လွှတ်နိုင်ခဲ့သည့်ဖြစ်စဉ်
- လူငယ်များကြားတွင် ကျန်းမာရေးဆိုင်ရာ ပညာပေးမှုလုပ်ရန် အထိရောက်ဆုံး မီဒီယာ
- မြန်မာဘုရင်များလက်ထက်က လူငယ်များအပေါ်တွင် ပညာရေးစန်ဆောင်မှုလုပ်ပေးခဲ့သည့် ဘုန်းတော်ကြီးကျောင်းများ၏ အခန်းကဏ္ဍ
- မြို့ပြဒေသများရှိ လူငယ်များကြားတွင် စာဖတ်ခြင်းအလေ့အကျင့်

**အဆင့် ၅** - တင်ပြချက်များပြီးသောအခါ၊ စီစဉ်ဆွေးနွေးသူသည် အောက်ပါအတိုင်း ပြောကြားပြီး ဤအပိုင်းကို အဆုံးသတ်နိုင်ပါသည်။

*သူတို့သည် အချက်အလက်စုဆောင်းရှာဖွေခြင်းနည်းနာ တခုထက်ပိုပြီး သုံးချင် သို့မဟုတ် သုံးဖို့လိုအပ် တယ်ဆိုတာ ရှာတွေ့ကောင်း တွေ့နိုင်ပါသည်။ ၎င်းသည် စံကျသည့် လက်တွေ့ လုပ်ဆောင် ခြင်း ဖြစ်ပြီး၊*

***နည်းနာများကို ပေါင်းစပ်ချဉ်းကပ်ခြင်း***ဟုလည်း ပြောလို့ရပါသည်။ နည်းနာများကို ပေါင်းစပ် ချဉ်းကပ်ခြင်းသည် နည်းလမ်းအမျိုးမျိုးကို အသုံးပြုပြီး စုစည်းထားသော အချက်အလက်များကို ပေါင်းစပ်ပြီး၊ ထိုအချက်အလက်များ အားလုံး အသုံးပြုပြီး နောက်ဆုံးသုံးသပ်မှု၊ ခွဲခြမ်းစိတ်ဖြာမှု ပြုလုပ်ပါသည်။ အချက်အလက်များကို ပေါင်းစုပြီး ခွဲခြားစီစစ်သည် အဓိပါယ်ပြန်ဆိုပါသည်။*

အမျိုးမျိုးသော ရင်းမြစ်များမှ အချက်အလက်များကို စုဆောင်းရယူခြင်းသည် သင်၏အချက်အလက်များကို **မှန်ကုန်ကြောင်းပြဆိုနိုင်ခြင်း**သို့မဟုတ် ခိုင်မာစေသည့် နည်းလမ်းကောင်းတခုဖြစ်ပါသည်။ ထိုလုပ်ငန်းစဉ်ကို **အချက်အလက် တြိဂံဖွဲ့ခြင်း(** ပြန်လည် ညှိနှိုင်းဆန်စစ်သည့်နည်း) ဟုခေါ်ပြီး ကောက်ချက်များ မှန်ကန်ခိုင်မာပြီး အတိအကျ ဖြ စ်စေရန် အထောက်အကူ ဖြစ်စေနိုင်ပါ သည်။ မေးမြန်းပြီး စုဆောင်းထားသော အချက်အလက်များသည် သုံးသပ်ချက်များ၊ အခြေခံသုတေသနများ၊ မေးခွန်းများပေးပြီး စုဆောင်းထားသော အချက်အလက်များကဲ့သို့၊ ပြန်လည်ရရှိသည့် အချက်အလက်များနှင့် အလားတူလျှင်၊ သူတို့သည် အကျိုးရလဒ်များကို ပိုမို ယုံကြည်မှုရှိစေနိုင်ပါသည်။ နည်းလမ်းတခုတည်းဖြင့် စုစည်းထားသော အချက်အလက်များသည် တခြားနည်းဖြင့် စုဆောင်းရရှိထားသော အချက်အလက်ထက် အလွန်ကွဲပြားခြားနားနေသည်ဆိုလျှင်၊ အချက်အလက်များ မတူကွဲပြားရသည့်အကြောင်းကို ဆုံးဖြတ်ရန် ထပ်တိုး အချက်အလက်များ ရရှိစေကာမူ၊ သင်ရရှိထားသော သတင်းအချက်လက်ကို သတိထားပြီး ခွဲခြားစိစစ်သင့်ပါသည်။

# *WORKSHEET 7 – 1*

# သင်ထောက်ကူ စာစဉ်၇ - ၁

## *DIFFERENT SOCIAL RESEARCH TOOLS*

## လူမှုသုတေသန ကိရိယာအမျိုးမျိုး

| နည်းလမ်းများ | ဖော်ပြချက်များ | အသုံးဝင်မှု | အားနည်းချက်များ |
|---|---|---|---|
| အင်တာဗျူးများ | မေးခွန်းများကို လိုအပ်ချက်များပေါ်တွင် အခြေခံပြီး ကြိုတင် ပြင်ဆင် စုစည်း ပြီး ဖြစ်စေ။ တဝက်တပျက်ပြင်ဆင်ထားသည်ဖြစ်စေ။ လုံးဝ မပြင်ဆင် ထားသည် လည်း ဖြစ်နိုင်ပါသည်။ အခု နည်းနာထဲတွင် သတင်းအချက်အလက်များ သည် တိကျသော မေးခွန်းများဖြင့် မေးပြီး ထိုအဖြေများသည် ညွှန်းကိန်းများဖြင့် တိုင်းတာလို့ ရ ရပါမည်။ အဖွင့် မေးခွန်းများ သို့မဟုတ် အပိတ်မေးခွန်း (ဟုတ်တယ်၊ မဟုတ်ဘူး)ဖြေဆိုရသော မေးခွန်းများဖြစ်နိုင်ပါသည်။ အရည်အတွက် အချက်အလက်နှင့် အရည်အသွေးအချက်အလက် များ ဖြစ်နိုင်ပါသည်။ | လုပ်ငန်းနှင့်ပတ်သက်သည့်လူ အများစု အသုံးပြုနိုင်ပါသည်။ လူချင်းဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ လုပ်နိုင်ပါသည်။အလွန် လွယ်လင့်တကူ လုပ်လို့ရပါသည်။ | အင်တာဗျူးလုပ်မည့်သူများ သည် ကျွမ်းကျင်မှု လိုအပ်သည်။ |
| အဓိက သတင်းအချက် ပံ့ပိုးမည့်သူအား အင်တာဗျူးပုံစံများ | လုပ်ငန်းစဉ်နှင့်ပတ်သက်သည့် သီးခြားအမြင်တခုခု ဖော်ပြနိုင်ကောင်းသည့်သူ တဦးဦး သို့မဟုတ် အကြောင်းအရာ တခုနှင့် ပတ်သက်ပြီး ကျွမ်းကျင်သူ တဦးဦးနှင့် ပြုလုပ်သည့် အင်တာဗျူးများ ဖြစ်ပါသည်။ | ဤအဓိက သတင်းပေး များသည် လုပ်ငန်း သို့မဟုတ် အဖွဲ့အစည်းနှင့် အနည်းငယ်သာ ပါဝင်ပတ်သက်သည့်အတွက် အတော်အတန် ဓမ္မဓိဋ္ဌာန်ကျသည့် ထင်မြင်ချက်များကို ပေးနိုင်ပါသည်။ ထိုသူများသည် | မေးမြန်းမည့် အကြောင်း အရာနှင့် ပတ်သက်၍ သေသေချာချာနားလည်သည့် ကျွမ်းကျင်သော အင်တာဗျူး သမား လိုအပ်သည်။ အကြောင်းအရာတခုကို အဓိကအချက်အလက်တခု ပြောခဲ့တာကြောင့်(ဆန်းစစ်စရာ မလိုလောက်အောင်) အကြွင်းမဲ့မှန်သည့်သဘောမျိုး |

| | | | |
|---|---|---|---|
| | | စီမံကိန်းထဲများမှ သက်ဆိုင်ရာ လုပ်ငန်းငယ်များကိုသာ အထူးပြုလုပ်ဆောင်ရသည့် သူများထက်စာလျှင် စီမံကိန်းတခုလုံးအား ခြုံငုံမိသော အကြောင်းအရာများကို ပြောကြားနိုင်လိမ့်မည်။ | မယူလိုက်ရန် ဂရုစိုက်ပါ။ |

| | | | |
|---|---|---|---|
| အရံသင့်စီစဥ်ထားသော မေးခွန်းများ | အရံသင့်စီစဥ်ထားသော မေးခွန်းများဖြစ်ပြီး ရေးသားပြီး ဖြေဆိုထားသော အဖြေများ ရရှိတတ်သည်။ ထိုအချက်များကို ခွဲခြားစိတ်ဖြာပြီးလျင် ညွှန်းကိန်းများကို တိုင်းတာနိုင်လိမ့်မည်။ | not say to an interviewer. ဤနည်းလမ်းသည် အချိန်ရွေ့တာရာ ရောက်ပြီး အချိန်တိုအတွင်း လူအများဆီမှ တုံ့ပြန်မှုများရပါလိမ့်မည်။ ဤနည်းသည် ဖြေဆိုသူ၏ အမည်ကို မဖော်ပြသည့် အတွက် အင်တာဗျူးသူတကို မပြောသည့်အကြောင်းအရာ များကို ပြောပြကောင်း ပြောပြနိုင်ပါသည်။ | မဖတ်တတ် ၊ မရေး တတ်သူများ သည့်သူများ အတွက် အရံသင့် မေးခွန်းများသည် အချိန်လည်း မရှိ၊ အချိန်ကိုရွေ့တာရာမကျဘဲ လူများများကိုလည်း မေးနိုင်မည်မဟုတ်ပါ၊ အရံသင့် မေးခွန်းများသည် ဖြေဆိုသူများ ထပ်မံဖြစည့်စွက်ပြောကြားခြင်းသည်များကို ပြောနိုင်ရန် အခွင့်ရေး မပေးထားပါ၊ အရံသင့် မေးခွန်းများ လူတကာသုံး သော နည်းစနစ်ဖြစ်နေသော ဖြေဆိုသူများ အနေနှင့် မေးခွန်းများကို ဖြေဆိုရန် ငြီးငွေ့တာလည်း ဖြစ်တတ်ပါသည်။ မေးခွန်းများသည် နားလည်မှုမလွဲနိုင်ဘဲ နားလည်လွယ်သည့်မေးခွန်းများဖြစ်စေရန် သတိထား ပြင်ဆင်ရပါမည်။ မေးခွန်းများသည် ရှုတ်လည်း ရှုတ်ထွေး ပြီး အဖြေများကို ပြန်လည်သုံးသပ်သောအခါ ကွန်ပျူတာ အကူညီလိုအပ်လျင် သင်သည် မေးခွန်းများ စတင်ပြင်ဆင်ကတည်းက ပုံစံ ချမှတ်ရန် ထိုသူများ၏ အကူညီ လိုအပ်ပါသည်။ |

| | | | |
|---|---|---|---|
| သီးသန့်သတ်မှတ်ထားသည့် အုပ်စုများနှင့် ဆွေးနွေးခြင်း | သီးသန့် သတ်မှတ်ထားသော အုပ်စုများနှင့် ဆွေးနွေးရာတွင် လူ ၆ ယောက်မှ ၁၂ ယောက ခန့် ကို ကျွမ်းကျင်သော တွေ့ဆုံမေးမြန်းသူ သို့မဟုတ် ဦးဆောင်ဆွေးနွေးသူက စနစ်တကျ စီမံထားသော မေးခွန်းများ မေးမြန်းရပါသည်။ ထုံးစံအားဖြင့် မေးခွန်းများသည် အကြောင်းအရာတခုကိုသာ ဦးတည်ထား သင့်သည်။ | ဤသို့လုပ်ဆောင်ခြင်းသည် ရွေးချယ်ထားသော လူတစုထံမှ အမြင်များကို ရရှိရန် အသုံးဝင်သော နည်းလမ်းတခုဖြစ်ပါသည်။ | သတ်မှတ်ထားသည့်အုပ်စုများ ကို ကြုံသလို နမူထားလုပ်ရန်မှာ အလွန်ခက်ခဲပါသည်။ ဆိုလိုသည်မှာ ရှာဖွေတွေ့ရှိချက်များကို ယေဘူယျပြုလို့ မရနိုင်တတ်ပါ။ တခါတရံမှ တဦးဦးက တခြားသူတွေအပေါ်မှာ တစုံတရာပြောရန်ဖြစ်စေ သို့မဟုတ် ဆိတ်ဆိတ်နေစေရန်ဖြစ်စေ လွှမ်းမိုးမှု ရှိတတ်ပါသည်။ ဖြစ်နိုင်လျှင် သတ်မှတ်အုပ်စု အင်တာဗျူးများကို အသံသွင်းယူထားပြီး ပြန်ရေးသင့်ပါသည်။ ဤအလုပ်သည် အချိန်အလွန်ကုန်ပြီး သီးခြားပစ္စည်းပစ္စယများ လိုအပ်ပါသည်။ |
| ရုပ်ရှာလူထု အစည်းအဝေးများ | . ဤကဏ္ဍတွင် အကျိုးရလဒ် ရရှိခံစားရသူများဖြင့် ပြုလုပ်သော အစည်းအဝေးဖြစ်ပြီး စီမံကိန်း၏ ညွှန်ကိန်းရလဒ်များကို တိုင်းရတာနိုင်ရန် မေးခွန်းများ မေးခြင်း ပြသနာများကို ဆွေးနွေးခြင်း ဖြင့် ရရှိနိုင်သည်။ | ရပ်ရွာလူထု အစည်းအဝေး များသည် သီးခြားကိစ္စရပ်များအပေါ်တွင် လူအများက ကျယ်ကျယ်ပြန့်ပြန့်တုန့်ပြန်မှုပေးသည့်အတွက် အသုံးဝင်ပါသည်။ ပြန်လည် ဆန်းစစ်သုံးသပ်ခြင်း လုပ်ငန်းစဉ်တွင် သူတို့တိုက်ရိုက်ပါဝင်ရသော ကြောင့် ဤလုပ်ငန်းသည် သူတို့နှင့်လည်း သက်ဆိုင်သည်ဟူသော ခံစားချက်ကို ခံစားရသည်။ အစည်းအဝေးများသည် ရပ်ရွာအခြေပြု စီမံကိန်းများအတွက် အရေးပါ အရာရောက်သော အချက်အလက်များ ရရှိစေပါသည်။ | ထိုသို့ အစည်းဝေး ပြုလုပ်ရန် ခက်ခဲပြီး အတွေ့အကြုံရှိသော ဦးဆောင် ဆွေးနွေးသူ လိုအပ်သည်။ အုပ်စုငယ်များ ခွဲထုတ် ဆွေးနွေးရန် နှင့်အများရှေ့ ပြန်လည်တင်ပြပြီး အားလုံးနှင့် ပြန်လည် ဆွေးနွေးရန် လိုအပ်ကောင်း လိုအပ်မည် ဖြစ်သည်။ |
| ရုပ်၊ အသံတို့ဖြင့် လှုံ့ဆော်မှု | အနာဂတ်ဖြစ်နိုင်ခြေများအပါအဝင်၊ အတိတ်ဖြစ်ရပ်များ၊ အကြောင်းအရာများ၊ ပြဿနာများကို သရုပ်ဖော်ရန် | အထူးသဖြင့် မရေးနိုင် မဖတ်နိုင်သည့်သူများအတွက် တခြားနည်းနာများနှင့် | သင်ထံတွင် သူတို့၏စိတ်အာရုံများကို လှုံ့ဆော်နိုင်သော ရုပ်သံနှင့် သက်ဆိုင်သာ ပစ္စည်းများ |

| | | | |
|---|---|---|---|
| | ဓါတ်ပုံများ၊ သရုပ်ပြကွက်များ၊ ဇာတ်လမ်းများ၊ အသံသွင်းခွေများများ၊ ရုပ်ရှင်များ၊ ပုံများ ပါဝင်သည်။ | တွဲသုံးလျှင် အလွန်အသုံးဝင်ပါသည်။ | ရှိရမည်ဖြစ်ပြီး ဦးဆောင် ဆွေးနွေးသူသည် ထိုသို့သော ပစ္စည်းများကို အသုံးပြုရာတွင် ကျွမ်းကျင်ရန် လိုအပ်ပါသည်။ |
| တိုင်းတာမှုများ | ဤနည်းလမ်းသည် သူတို့၏ ကိုယ်ပိုင်ခံစားမှု၊ သိမြင်မှု၊ စသည်တို့ကို ပေးထားသော အတိုင်းအတာ အနည်းအများကို ရွေးချယ်ရန်ဖြစ်သည်။ လူများသည် ယေဘူယျအားဖြင့် အဆိုပြုချက်တခုနှင့် ပတ်သက်လျှင် သူတို့ ပြတ်ပြတ်သားသား သဘောတူသလား၊ သဘောတူသလား၊ မသိဘူးလား၊ သဘောမတူဘူးလား၊ ပြင်းပြင်းထန်ထန် သဘောမတူတာလား ဆိုသည်ကို ဖြေဆိုရတတ်သည်။ အရေးအဖတ် မတတ်နိုင် သူများဖြစ်နေလျှင် ဤနည်းလမ်းအတွက် ပုံများ၊ သင်္ကေတများကို အသုံးပြုနိုင်ပါသည်။ | သဘောထားများ၊ အမြင်များ၊ သိမြင်ထားမှုများကို တိုင်းတာရန် အသုံးဝင်ပါသည်။ | သင်၏ အဆိုပြုချက်များမှာ ဖြေဆိုသူများ နားလည်မှု မလွဲနိုင်အောင် ၊ သေချာစွာ အထူးဂရုတစိုက် ပြုလုပ်ရန်လိုအပ်ပါသည်။ အများဆုံးပြဿနာဖြစ်တတ် သည်မှာ အဆိုပြုချက်တခုတွင် စဉ်းစားချက် ၂ခုပါနေသောအခါတွင်မျိုးတွ င်ဖြစ်သည်။ ဖြေဆိုသူသည် သူတို့၏ ထင်မြင်ချက်ကို ပေးရာတွင် မည်သည့်အကြောင်းအရာ အတွက် ထင်မြင်ချက်ပေးနေခြင်းလား။ နှစ်ခုလုံးအတွက် ပေးနေခြင်းလား ဆိုတာကို မသေချာဘဲ ရှုပ်တွေး တတ်ပါသည်။ |
| အရေးကြီးသည့် ဖြစ်ရပ်/အဖြစ်အပျက် ခွဲခြမ်းစိတ်ဖြာ လေ့လာမှု | ဤနည်းသည် သီးခြားဖြစ်ရပ်များ သို့မဟုတ် အဖြစ်အပျက်များအပေါ်တွင် တဦးချင်းစီနှင့် အုပ်စုလိုက် တွေ့ဆုံမေးမြန်းသည့် နည်းလမ်းဖြစ်သည်။ ဤနည်းကို လုပ်ရသည့်ရည်ရွယ်ချက်မှာ အမှန်ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာနှင့်ပတ်သက်ပြ ီး အပြည့်အဝ ပုံဖေါ်နိုင်ရန်ဖြစ်ပါသည်။ | ပြဿနာတစုံတရာလည်း ဖြစ်နေပြီး၊ ၄င်းအပေါ်တွင် လူများက အပြင်းအထန်လည်း ခံစားနေရသည်ဆိုလျှင် အလွန်အသုံးဝင်ပါသည်။ ဤနည်းသည် ဆန်းစစ်လေ့လာသူ အဖွဲ့အတွက် သက်ဆိုင်သူအားလုံး ပါဝင်လျှင် အမှန်တကယ်က ဘာဖြစ်ခဲ့သလဲ၊ ဘာများသွားတာလဲဆိုတာကို အဖြေရှာရန် အထောက်အကူ | ဆန်းစစ်သုံးသပ်ခြင်းအဖွဲ့သည် မတူကွဲပြားပြီး ဆန့်ကျင်ဖက် ဆောင်နေသော တဆင့်စကားများ သတင်းအချက် အလက်များနှင့် နှစ်မြုပ်ပြီး ဆုံးခန်းတိုင်သွားနိုင်ပါသည်။ |

| | | | |
|---|---|---|---|
| | | ပြသည်။ | |
| ကိုယ်တိုင်ပါဝင် လေ့လာမှု | ဤနည်းသည် အဖြစ်အပျက်များ၊ လုပ်ငန်းစဉ်များ၊ ဆက်ဆံရေးနှင့် အပြုအမူများနှင့်ပတ်သက်၍ တိုက်ရိုက်လေ့လာမှုဖြစ်ပါသည်။ ဤနေရာတွင် "တက်ရောက်သူသည်" လေ့လာသူက အဝေးမှလေ့လာခြင်းထက် ဆောင်ရွက်ချက်များတွင် ကိုယ်တိုင်ပါဝင်ပြီး လေ့လာသည်ဟု ဖေါ်ပြပါသည်။ | တခြားနည်းလမ်းတခုဖြင့် ရရှိထားသည့် ခိုင်မာမှုကို စစ်ဆေးရန် အသုံးဝင်သည့်နည်းလမ်းတခု ဖြစ်ပါသည်။ | ကိုယ်တိုင်ပါဝင် လေ့လာဖို့ ခက်ခဲပါသည်။ လုပ်ဆောင်ရန် အချိန်အလွန်ကုန်ပါသည်။ |
| ခံစားချက်များအား ပုံများရေးဆွဲပြီး ဖော်ပြခြင်း | တက်ရောက်သူများက ပုံများကို ကိုယ့်ဖာသာကိုယ် ဆွဲရတာဖြစ်သည်။ ယေဘူယျအားဖြင့် သူတို့ ဘယ်လိုခံစားရသလဲ၊ ဘယ်လိုထင်သလဲဆိုတာဖြစ်သည်။ | အထူးသဖြင့် ကလေးငယ်များအတွက် အလွန်အသုံးဝင်ပါသည်။ | ပြန်ပြောပြဖို့ ရှင်းပြဖို့ ခက်နိုင်ပါသည်။ |

**အခြေခံရင်းမြစ်များ** - ခွဲခြမ်းစိတ်ဖြာမှုမလုပ်ရသေးသည့် သို့မဟုတ် အနက်အဓိပ္ပါယ်မပြန်ရသေးသော ၊အကြမ်းထည်အချက်အလက်ဖြစ်သည့် လက်ရင်း မူလ ရင်းမြစ်များ ဖြစ်ပါသည်။

အခြေခံရင်းမြစ်များနှင့်ပတ်သက်သည့် ဥပမာများတွင် အောက်ပါအချက်များ ပါဝင်ပါသည်။
*သင်တန်းပြန်လည် ဆန်းစစ်သုံးသပ်ခြင်းပုံစံများ၊ အကျိုးခံစား သည့်သူများ စီမံကိန်းအပေါ် စိတ်ကျေနပ်မှု ရှိမရှိ ဆန်းစစ်သော ပုံစံ၊ အဖွဲ့အစည်းဆိုင်ရာ အကဲဖြတ်သုံးသပ်ချက်ပုံစံများ*
**ဒုတိယရင်းမြစ်များ**- တခြားသုတေသနသမားတဦးက စုစည်းထားသည့် အချက်အလက်ကို အဓိပ္ပါယ်ဖော်ထုတ်ထားသော ကိုးကားထားသည့် ရင်းမြစ်များဆီက တိကျသည့်အချက်အလက်များဖြစ်ပါသည်။
ဒုတိယရင်းမြစ်များနှင့်ပတ်သက်သည့် ဥပမာများတွင် အောက်ပါအချက်များ ပါဝင်ပါသည်။
ဗမာ/မြန်မာနိုင်ငံမှ အေအိုင်ဒီအက်စ်ပြဿနာဆိုင်ရာ သတင်းစာဆောင်းပါးတပုဒ်။
ဗမာ/မြန်မာပြည်ဆိုင်ရာ EIU အစီရင်ခံစာ

.

*သူတို့သည် အချက်အလက်စုဆောင်းရှာဖွေခြင်းနည်းနာ တခုထက်ပိုပြီး သုံးချင် သို့မဟုတ် သုံးဖို့လိုအပ် တယ်ဆိုတာ ရှာတွေ့ကောင်း တွေ့နိုင်ပါသည်။ ၎င်းသည် စံကျသည့် လက်တွေ့ လုပ်ဆောင် ခြင်း ဖြစ်ပြီး၊* ***နည်းနာများကို ပေါင်းစပ်ချဉ်းကပ်ခြင်း*** *ဟုလည်း ပြောလို့ရပါသည်။ နည်းနာများကို ပေါင်းစပ် ချဉ်းကပ်ခြင်းသည်*

*နည်းလမ်းအမျိုးမျိုးကို အသုံးပြုပြီး စုစည်းထားသော အချက်အလက်များကို ပေါင်းစပ်ပြီး၊ ထိုအချက်အလက်များ အားလုံး အသုံးပြုပြီး နောက်ဆုံးသုံးသပ်မှု၊ ခွဲခြမ်းစိတ်ဖြာမှု ပြုလုပ်ပါသည်။ အချက်အလက်များကို ပေါင်းစုပြီး ခွဲခြားစီစစ်သည် အဓိပါယ်ပြန်ဆိုပါသည်။*

အမျိုးမျိုးသော ရင်းမြစ်များမှ အချက်အလက်များကို စုဆောင်းရယူခြင်းသည် သင်၏အချက်အလက်များကို **မှန်ကုန်ကြောင်းပြဆိုနိုင်ခြင်း**သို့မဟုတ် ခိုင်မာစေသည့် နည်းလမ်းကောင်းတခုဖြစ်ပါသည်။ ထိုလုပ်ငန်းစဉ်ကို **အချက်အလက် တြိဂံဖွဲ့ခြင်း(** ပြန်လည် ညှိနှိုင်းဆန်စစ်သည့်နည်း) ဟုခေါ်ပြီး ကောက်ချက်များ မှန်ကန်ခိုင်မာပြီး အတိအကျ ဖြစ်စေရန် အထောက်အကူ ဖြစ်စေနိုင်ပါ သည်။ မေးမြန်းပြီး စုဆောင်းထားသော အချက်အလက်များသည် သုံးသပ်ချက်များ၊ အခြေခံသုတေသနများ၊ မေးခွန်းများပေးပြီး စုဆောင်းထားသောအချက်အလက်များကဲ့သို့ ပြန်လည်ရရှိသည့် အချက်အလက်များနှင့် အလားတူလျှင်၊ သူတို့သည် အကျိုးရလဒ်များကို ပိုမို ယုံကြည်မှုရှိစေနိုင်ပါသည်။ နည်းလမ်းတခုတည်းဖြင့် စုစည်းထားသော အချက်အလက်များသည် တခြားနည်းဖြင့် စုဆောင်းရရှိထားသော အချက်အလက်ထက် အလွန်ကွဲပြားခြားနားနေသည်ဆိုလျှင်၊ အချက်အလက်များမတူကွဲပြားရသည့်အကြောင်းကို ဆုံးဖြတ်ရန် ထပ်တိုး အချက်အလက်များ ရရှိစေကာမူ၊ သင်ရရှိထားသော သတင်းအချက်လက်ကို သတိထားပြီး ခွဲခြားစိစစ်သင့်ပါသည်။




## အပိုင်း ၈ - အချက်အလက် ခွဲခြမ်းစိတ်ဖြာခြင်း

ဤအပိုင်းပြီးဆုံးသောအခါတွင်၊ တက်ရောက်သူများသည် အချက်အလက်ခွဲခြမ်းစိတ်ဖြာမှု၊ အရည်အချင်းဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှု နှင့် အရည်အတွ က်ဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုများအဖြစ် ခွဲထုတ်ခြင်းအတွက် အခြေခံနည်းများကို နားလည်သွားပါလိမ့်မည်။

**အချိန် -** ၁ နာရီ ၃၀ မိနစ်ခန့်။

**ပစ္စည်းများ-** (၄ ပိုင်းဖြတ်) အေဖိုး စာရွက်၊ စာရွက်အကြီးများ၊ ရေးမှတ်စရာများ



**အဆင့် ၁ -** တက်ရောက်လာကြသူများကို အတန်းကို ပတ်သွားပြီး အနည်းဆုံး မိတ်ဆွေ ၁၀ ဦးကို အောက်ကမေးခွန်းများဖြင့် အင်တာဗျူးလုပ်ရန်ပြောပါ။(၁၅ - ၂၀ မိနစ်)

၁) သင့်အသက် ဘယ်လောက်ရှိပြီလဲ။ (အသက်အတိအကျ မေးရန်မလိုပါ။)(အသက် ၂၀ အောက်)၊ (အသက် ၂၀ နှင့် ၃၀ အတွင်း)၊ (အသက် ၃၀ နှင့် ၄၀ အတွင်း)၊ (အသက် ၄၀ အထက်)

၂) စာဖတ်ရတာကို ကြိုက်သလား။ ကြိုက်တယ်ဆိုရင် အောက်က မေးခွန်းများကို ထပ်မေးပါ။ မကြိုက်ဘူးဆိုရင် မေးခွန်း ၃ နဲ့ ၄ ကို ကျော်သွားပါ။

၃) တပတ်ကို ဘယ်နစ်နာရီလောက် စာဖတ်သလဲ။

၄) ဘယ်လိုစာအုပ်မျိုးတွေကို ဖတ်ရတာ ကြိုက်သလဲ။

၅) အားရင် ဘာလုပ်သလဲ။

၆) ကိုယ်လုပ်ချင်တာကို လုပ်ဖို့ တရက်ကို အချိန်ဘယ်လောက်သုံးသလဲ။

**အဆင့် ၂ -** ပေးထားသည့်ဥပမာများဖြင့် ဖြေကြားမှုများကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ရန် ပြောပါ။

၁) အသက် အတိုင်းအတာ

ဖြေကြားသူ (၁၀) ဦးတွင်၊ အများစုသည် အသက် (၂၀)နှင့် (၃၀)ကြားဖြစ်သည်။ ()သည် ၃၀ အောက်ဖြစ်ပြီး၊ () သည် ၂၀ အောက်ဖြစ်သည်။

သို့မဟုတ်

ဖြေကြားသူ () ဦးတွင်၊ အများစုသည် အသက် (၂၀)နှင့် (၃၀)ကြားဖြစ်သည်။ ()သည် ၃၀ အောက်ဖြစ်ပြီး၊ () သည် ၂၀ အောက်ဖြစ်သည်။

၂) အင်တာဗျူးလုပ်ခဲ့သူ () ဦးတွင်၊ ()သည် စာဖတ်ခြင်းကို ကြိုက်ကြသည်။ သူတို့သည် စာဖတ်ခြင်းအတွက် တပတ်လျှင် () မှ () နာရီအထိ သုံးစွဲကြသည် ။ ()တွင်၊ ()သည် သတင်းစာ၊ ဂျာနယ်များ ဖတ်ရခြင်းကို ကြိုက်သည်။ ()သည် အထ္ထုပတ္တိစာပေများကို ကြိုက်ပြီး၊ ()သည် စာစုံဖတ်သည်။ စာဖတ်ဝါသနာပါသူ အများစုသည် အသက် မှ အတွင်းဖြစ်သည်။

၃) အင်တာဗျူးလုပ်ခဲ့သူ () ဦးတွင်၊ ()သည် စာဖတ်ခြင်းကို မကြိုက်ပါ။ သူတို့ထဲတွင် ()သည် သီချင်းနားထောင်ခြင်းကို ကြိုက်သည်။ တပတ်လျှင် ()နာရီ သီချင်းနားထောင်သည်။ ()သည် ရုပ်ရှင်ကြည့်ခြင်းကို ကြိုက်ပြီး၊ ()သည် ------------------------------------------ကြိုက်သည်။

**အဆင့် ၃** - အပေါ်မှာပေးထားသော သုံးသပ်ချက်သည် သတ်မှတ်ထားသော လူများကြားတွင် တချို့သောဦးတည်ရာများကို ဖေါ်ပြနိုင်ကြောင်း တက်ရောက်လာသူများကို ရှင်းပြပါ။

အရည်အတွက်ဆိုင်ရာအချက်အလက်များ၊ အရည်အချင်းဆိုင်ရာအချက်အလက်များနှင့် အလုပ် လုပ်သည့် အခါတွင်၊ အချက်အလက်ခွဲခြမ်းစိတ်ဖြာမှုအခြေခံအကျဆုံးအပိုင်းတွင် တိမ်းညွှတ်မှုများနှင့် ပုံစံများကို သတ်မှတ်ပေးနိုင်မှုလည်း ပါ ဝင်ပါသည်။ အချက်အလက် ခွဲခြမ်းစိတ်ဖြာမှုကနေ သတ်မှတ်ပေးနိုင်သည့် ဖြစ်နိုင်ခြေရှိသော တိမ်းညွှတ်မှုများနှင့်နှင့် ပတ်သက်ပြီး အောက်ပါ ဥပမာများကို စဉ်းစားကြည့်ပါ။

*မေးခွန်းလွှာ အဖြေများအရ အသက် ၃၀ နှင့် ၄၀ ကြား လူတယောက်သည် စာဖတ်ခြင်းကို ကြိုက်ပြီး၊ သူတို့သည် မဂ္ဂဇင်း၊ ဂျာနယ်များကို အများဆုံးဖတ်ချင်ကြသည်။ အသက် ၂၀ နှင့် ၃၀ ကြားအရွယ် ဖြေကြား သူများသည် သီချင်းနှင့် ဈေးဆယ်ထွက်ခြင်းကို စာဖတ်ခြင်းထက် ပိုကြိုက်ကြသည်။*
*ပစ်မှတ်ထားသည့် အုပ်စုတစုက ညွှန်ပြသည်မှာ ငယ်ရွယ်သူများက သကြားလုံးတံဆိတ်အသစ်ကို ကြိုက်နှစ်သက်ကြပြီး၊ အသက်ပိုကြီးသူများက အလွန်ချိုသည်ဟု ထင်ကြပါသည်။*

*လေ့လာမှုက ချမ်းသာသောမိသားစုများမှ ကလေးများနှင့် ဆင်းရဲသောမိသားစုများမှ ကလေးများကြားတွင် ဂီတကိုအရသာခံကြပုံမှာ ကွဲပြားမှုမရှိကြောင်းပြဆိုပါသည်။*

သူတို့သည် တချို့သောတိမ်းညွှတ်မှုများကို ချက်ချင်းလက်ငင်း ရှင်းရှင်းလင်း လင်း ဖေါ်ပြနိုင်ပါသည်။ သို့သော် တခြားသူများသည် ဖေါ်ပြရန် ပိုခက်ခဲနိုင်ပါသည်။ အသေးစိတ်သုံးသပ်ရန်၊ ပြန်ဖေါ်ထုတ်ရန် လိုအပ်နိုင်ပါသည်။

**အဆင့် ၄** - စီစဉ်သုံးသပ်သူများသည် တက်ရောက်လာသူများကို ဖြေကြားမှုအကြိမ်များပြီး၊ တိမ်းညွှတ်မှုများနှင့် ပတ်သက်ပြီး အခြေခံသဘောကို နား လည်ပြီဆိုလျှင်၊ ဤသတင်းအချက်အလက်ကို အဓိပါယ်ပြန်ရန်၊ ခွဲခြမ်းစိတ်ဖြာရန် စတင်လုပ်ဆောင်နိုင်ပါသည်။

- တိမ်းညွှတ်မှု ဆိုသည်မှာ ဘာလဲ။
- အချက်အလက်က ဘာလုပ်ပေးသလဲ။

*အချက်အလက်များက ကျွမ်းကျင်ဘာသာတရားသင်တန်းတက်ခဲ့သော ကလေးများ၏ ၈၀% သည် လူမျိုးမတူသူများအပေါ် အကောင်းမြင်သည့် အမြင် များ ရှိခဲ့ကြောင်း ညွှန်ပြနေပါသည်။ မတက်ခဲ့ဘူးသော ဖြေကြားခဲ့သည့် ကလေးများထဲက ၂၃%သာလျှင် အလားတူ အမြင်မျိုးရှိကြောင်း ပြသည်။ ကလေးများ အားလုံး သည် ကျောင်းတကျောင်းထဲမှ ဖြစ်ကြသောအခါ ရလဒ်များသည် ကျွမ်းကျင်ဘာသာတရား သင်ခန်းစာကြောင့် မတူကွဲပြား ခြားနားမှုအပေါ်တွင် ကလေးများ၏လေးစားတတ်မှု ပိုတိုးလာကြောင်း ပြောပါသည်။*

*ဖြေကြားသူများ၏ ၉၁%သည် ARH အစီအစဉ်ကို ရပ်ဆိုင်းလိုက်ခြင်းဖြင့် တဦးချင်းအနေဖြင့် ထိခိုက်ခံစားရတာ မရှိကြောင်း ပြောကြပါသည်။ အဖြေများအရ ARH အစီအစဉ်ကို ဖြတ်တောက်ပါက ရပ်ရွာ အသိုင်းအ ဝိုင်းအား မည်သည့်ပြင်းထန်သည့်ထိခိုက်မှုမျှ မရှိဘဲ အစီအစဉ်ကို ဖျက်တောက်ပစ်နိုင်သည်ဟုညွှန်ပြနေသည်။*

*IRC ICB အဖွဲ့၏ သင်တန်းအစီအစဉ်နှင့်ပတ်သက်၍ ကျေနပ်မှုရှိပါသလားဟု မေးမြန်းကြည့်သည့်အခါတွင်၊ ဖြေကြားသူများ၏ ၁၄%က စကားပြန်၏ ဘာသာပြန်ကျွမ်းကျင်မှုကို "သိပ်ကောင်း"ဟုလည်းကောင်း၊ ၅၆%က "သင့်သည်"ဟုလည်းကောင်း၊ ၂၅%က "ညံ့"ဟုလည်းကောင်း ဖြေကြသည်။ (၅%က "ပြောစရာမရှိ"ဟု ဖြေဆိုကြသည်။) ထိုအချက်အလက်များအရ ICB အဖွဲ့သည် စကားပြန်များအား စကားပြန်၏ဘာသာပြန်ကျွမ်းကျင်မှုနှင့်ပတ်သက်သည့် သင်တန်းများကို စဉ်းစားဖို့လိုအပ်နေကြောင်း ပြောနေပါသည်။*

သို့သော် အကြောင်း၊ အကျိုးနှင့်ပတ်သက်၍ တခြားရှင်းလင်းချက်များကိုလည်း ထည့်စဉ်းစားရန် သတိထားရ မည်ဖြစ်ကြောင်းပြောပြပါ။ နောက်ပိုင်းတွင် ဤတိမ်းညွှတ်မှုများသည် ယေဘူယျရှာဖွေချက်များနှင့် ထောက်ခံမှုများ အနှစ်ချုပ်အဖြစ် ပြောင်းလွဲသွားပါလိမ့်မည်။

## သင်ထောက်ကူစာစဉ်၈ - ၁

## အချက်အလက် ခွဲခြမ်းစိတ်ဖြာခြင်း

၁) အတန်းကို ပတ်သွားပြီး အနည်းဆုံး မိတ်ဆွေ ၁၀ ဦးကို အောက်ကမေးခွန်းများဖြင့် အင်တာဗျူးလုပ်ပါ။

၁) သင့်အသက် ဘယ်လောက်ရှိပြီလဲ။ (အသက်အတိအကျ မေးရန်မလိုပါ။)(အသက် ၂၀ အောက်)၊ (အသက် ၂၀ နှင့် ၃၀ အတွင်း)၊ (အသက် ၃၀ နှင့် ၄၀ အတွင်း)၊ (အသက် ၄၀ အထက်)

၂) စာဖတ်ရတာကို ကြိုက်သလား။ ကြိုက်တယ်ဆိုရင် အောက်က မေးခွန်းများကို ထပ်မေးပါ။ မကြိုက်ဘူးဆိုရင် မေးခွန်း ၃ နဲ့ ၄ ကို ကျော်သွားပါ။

၃) တပတ်ကို ဘယ်နှစ်နာရီလောက် စာဖတ်သလဲ။

၄) ဘယ်လိုစာအုပ်မျိုးတွေကို ဖတ်ရတာ ကြိုက်သလဲ။

၅) အားရင် ဘာလုပ်သလဲ။

၆) ကိုယ်လုပ်ချင်တာကို လုပ်ဖို့ တရက်ကို အချိန်ဘယ်လောက်သုံးသလဲ။

၂) ပေးထားသည့်ဥပမာများဖြင့် ဖြေကြားမှုများကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ပါ။

၁) အသက် အတိုင်းအတာ

ဖြေကြားသူ (၁၀) ဦးတွင်၊ အများစုသည် အသက် (၂၀)နှင့် (၃၀)ကြားဖြစ်သည်။ ( )သည် ၃၀ အောက်ဖြစ်ပြီး၊ ( ) သည် ၂၀ အောက်ဖြစ်သည်။

သို့မဟုတ်

ဖြေကြားသူ ( ) ဦးတွင်၊ အများစုသည် အသက် (၂၀)နှင့် (၃၀)ကြားဖြစ်သည်။ ( )သည် ၃၀ အောက်ဖြစ်ပြီး၊ ( ) သည် ၂၀ အောက်ဖြစ်သည်။

၂) အင်တာဗျူးလုပ်ခဲ့သူ ( ) ဦးတွင်၊ ( )သည် စာဖတ်ခြင်းကို ကြိုက်ကြသည်။ သူတို့သည် စာဖတ်ခြင်းအတွက် တပတ်လျှင် ( ) မှ ( ) နာရီအထိ သုံး စွဲကြသည်။ ( )တွင်၊ ( )သည် သတင်းစာ၊ ဂျာနယ်များ ဖတ်ရခြင်းကို ကြိုက်သည်။ ( )သည် အတ္တုပတ္တိစာပေများကို ကြိုက်ပြီး၊ ( )သည် စာစုံဖတ်သည်။ စာဖတ်ဝါသနာပါသူ အများစုသည် အသက် မှအတွင်းဖြစ်သည်။

၃) အင်တာဗျူးလုပ်ခဲ့သူ ( ) ဦးတွင်၊ ( )သည် စာဖတ်ခြင်းကို မကြိုက်ပါ။ သူတို့ထဲတွင် ( )သည် သီချင်းနားထောင်ခြင်းကို ကြိုက်သည်။ တပတ်လျှင် ( )နာရီ သီချင်းနားထောင်သည်။ ( )သည် ရုပ်ရှင်ကြည့်ခြင်းကို ကြိုက်ပြီး၊ ( )သည် ------------------------------------------ကြိုက်သည်။

အရည်အတွက်ဆိုင်ရာအချက်အလက်များ၊ အရည်အချင်းဆိုင်ရာအချက်အလက်များနှင့် အလုပ်လုပ် သည့်အခါတွင်၊ အချက်အလက်ခွဲခြမ်းစိတ်ဖြာမှုအခြေခံအကျဆုံးအပိုင်းတွင် တိမ်းညွှတ်မှုများနှင့် ပုံစံများကို သတ်မှတ်ပေးနိုင်မှုလည်း ပါဝင်ပါသည်။ အချက်အလက် ခွဲခြမ်းစိတ်ဖြာမှုကနေ သတ်မှတ်ပေးနိုင်သည့် ဖြစ်နိုင်ခြေရှိသော တိမ်ညွှတ်မှုများနှင့်နှင့် ပတ်သက်ပြီး အောက်ပါ ဥပမာများကို စဉ်းစားကြည့်ပါ။

*မေးခွန်းလွှာ အဖြေများအရ အသက် ၃၀ နှင့် ၄၀ ကြား လူတယောက်သည် စာဖတ်ခြင်းကို ကြိုက်ပြီး၊ သူတို့သည် မဂ္ဂဇင်း၊ ဂျာနယ်များကို အများဆုံးဖတ်ချင်ကြသည်။ အသက် ၂၀ နှင့် ၃၀ ကြားအရွယ် ဖြေကြားသူများသည် သီချင်းနှင့် ဈေးဆယ်ထွက်ခြင်းကို စာဖတ်ခြင်းထက် ပိုကြိုက်ကြသည်။*

*ပစ်မှတ်ထားသည့် အုပ်စုတစုက ညွှန်ပြသည်မှာ ငယ်ရွယ်သူများက သကြားလုံးတံဆိတ်အသစ်ကို ကြိုက်နှစ်သက်ကြပြီး၊ အသက်ပိုကြီးသူများက အလွန်ချိုသည်ဟု ထင်ကြပါသည်။*
*လေ့လာမှုက ချမ်းသာသောမိသားစုများမှ ကလေးများနှင့် ဆင်းရဲသောမိသားစုများမှ ကလေးများကြားတွင် ဂီတကိုအရသာခံကြပုံမှာ ကွဲပြားမှုမရှိကြောင်းပြဆိုပါသည်။*

သူတို့သည် တချို့သောတိမ်းညွတ်မှုများကို ချက်ချင်းလက်ငင်း ရှင်းရှင်းလင်းလင်း ဖေါ်ပြနိုင်ပါသည်။ သို့သော် တခြားသူများသည် ဖေါ်ပြရန် ပိုခက်ခဲနိုင်ပါသည်။ အသေးစိတ်သုံးသပ်ရန်၊ ပြန်ဖေါ်ထုတ်ရန် လိုအပ်နိုင်ပါသည်။

ဤသတင်းအချက်အလက်ကို အဓိပါယ်ပြန်ရန်၊ ခွဲခြမ်းစိတ်ဖြာရန် စတင်လုပ်ဆောင်နိုင်ပါသည်။

- ဦးတည်ရာဆိုသည်မှာ ဘာလဲ။
- အချက်အလက်က ဘာလုပ်ပေးသလဲ။

ဥပမာ-
*အချက်အလက်များက ကျွမ်းဘာသာတရားသင်တန်းတက်ခဲ့သော ကလေးများ၏ ၈၀% သည် လူမျိုးမတူသူများအပေါ် အကောင်းမြင်သည့် အမြင်များ ရှိခဲ့ကြောင်း ညွှန်ပြနေပါသည်။ မတက်ခဲ့ဘူးသော ဖြေကြားခဲ့သည့် ကလေးများထဲက ၂၃%သာလျှင် အလားတူ အမြင်မျိုးရှိကြောင်း ပြသည်။ ကလေးများ အားလုံး သည် ကျောင်းတကျောင်းထဲမှ ဖြစ်ကြသောအခါ ရလဒ်များသည် ကျွမ်းဘာသာတရား သင်ခန်းစာကြောင့် မတူကွဲပြား ခြားနားမှုအပေါ်တွင် ကလေးများ၏လေးစားတတ်မှု ပိုတိုးလာကြောင်း ပြောပါသည်။*

*ဖြေကြားသူများ၏ ၉၁%သည် ARH အစီအစဉ်ကို ရပ်ဆိုင်းလိုက်ခြင်းဖြင့် တဦးချင်းအနေဖြင့် ထိခိုက်ခံစားရတာ မရှိကြောင်း ပြောကြပါသည်။ အဖြေများအရ ARH အစီအစဉ်ကို ဖြတ်တောက်ပါက ရပ်ရွာ အသိုင်းအ ဝိုင်းအား မည်သည့်ပြင်းထန်သည့်ထိခိုက်မှုမျှ မရှိဘဲ အစီအစဉ်ကို ဖျက်တောက်ပစ်နိုင်သည်ဟုညွှန်ပြနေသည်။*

.

*IRC ICB အဖွဲ့၏ သင်တန်းအစီအစဉ်နှင့်ပတ်သက်၍ ကျေနပ်မှုရှိပါသလားဟု မေးမြန်းကြည့်သည့်အခါတွင်၊ ဖြေကြားသူများ၏ ၁၄%က စကားပြန်၏ ဘာသာပြန်ကျွမ်းကျင်မှုကို "သိပ်ကောင်း"ဟုလည်းကောင်း၊ ၅၆%က "သင့်သည်"ဟုလည်းကောင်း၊ ၂၅%က "ညံ့"ဟုလည်းကောင်း ဖြေကြသည်။ (၅%က "ပြောစရာမရှိ"ဟု ဖြေဆိုကြသည်။) ထိုအချက်အလက်များအရ ICB အဖွဲ့သည် စကားပြန်များအား စကားပြန်၏ ဘာသာပြန် ကျွမ်းကျင်မှုနှင့်ပတ်သက်သည့် သင်တန်းများကို စဉ်းစားဖို့လိုအပ်နေကြောင်း ပြောနေပါသည်။*

သို့သော် အကြောင်း၊ အကျိုးနှင့်ပတ်သက်၍ တခြားရှင်း လင်းချက်များကိုလည်း ထည့်စဉ်းစားရန် သတိထားရ မည်ဖြစ်ကြောင်းပြောပြပါ။ နောက်ပိုင်းတွင် ဤတိမ်းညွတ်မှုများသည် ယေဘူယျရှာဖွေချက်များနှင့် ထောက်ခံမှုများ အနှစ်ချုပ်အဖြစ် ပြောင်းလွှဲသွားပါလိမ့်မည်။




## အပိုင်း ၉ - အစီရင်ခံခြင်း

ယခုအပိုင်း ပြီးဆုံးသောအခါ တက်ေ ရာက်လာသူများသည် အစီရင်ခံစာတွင် ရှာဖွေတွေ့ရှိထားသည်များနှင့် အချက်အလက်များအားလုံးကို ဘယ်လိုတင်ပြရမလဲဆိုတာကို နားလည်သွားပါလိမ့်မည်။

**အချိန် -** ၁ နာရီခန့်

**ပစ္စည်းများ-** (၄ ပိုင်းဖြတ်) အေဖိုး စာရွက်၊ စာရွက်ကြီးများ၊ ရေးမှတ်စရာများ



**အဆင့် ၁** - တက်ရောက်လာသူများကို "ဆန်းစစ်သုံးသပ်ခြင်းအစီရင်ခံပုံစံ"ကို ဝေငှပါ။ တခြားအစီရင်ခံစာများနည်းတူ၊ "ဆန်းစစ်သုံးသပ်ခြင်း အစီရင်ခံစာ"သည် SPR (အကြောင်း၊ ရည်ရွယ်၊ ဖတ်သူ)ခွဲခြားမှုကို အရင်ဆုံး လုပ်ရပါသည်။

- အကြောင်းအရာ(သင် ဘာကို အလေးပေးဖော်ပြချင်တာလဲ။)
- ရည်ရွယ်ချက် (ရည်ရွယ်ချက်က ဘာလဲ။)
- ဖတ်သူ (ဘယ်သူက ဖတ်မှာလဲ။)





**အဆင့် ၂** - စီစဉ်ဆွေးနွေးသူသည် သင်၏ ဆန်းစစ်သုံးသပ်ချက်အစီရင်ခံစာတွင် ယေဘူယျအားဖြင့် အောက်ပါအစိတ်အပိုင်းများပါဝင်သင့်ကြောင်း တက်ရောက်သူများကို ရှင်းပြနိုင်ပါသည်။

၁) **လုပ်ကိုင်ဆောင်ရွက်မှု အနှစ်ချုပ်**- ဆန်းစစ်လေ့လာခြင်းမှ တွေ့ရှိရသော တွေ့ရှိချက်များ၊ အကြံပြုတင်ပြချက်များ နှင့် အဓိကဆန်းစစ်သုံးသပ်ထားသော အကြောင်းအရာများနှင့် ပတ်သက်သည့် အနှစ်ချုပ်ကို (စာ ၂ ပိုဒ် ၃ ပိုဒ်)ရေးပေးပါ။

၂) **မိတ်ဆက်နိဒါန်း** - ဆန်းစစ်သုံးသပ်သည့်အကြောင်းအရာကို ရှင်းပြရန်နှင့် ဆန်းစစ်သုံးသပ်ချက်လုပ်ရသည့် ရည်ရွယ်ချက်များ၊ ဘယ်အတွက်လုပ်ရတာလဲ၊ ဆန်းစစ်သုံးသပ်သည့် အကြောင်းအရာကဘာလဲဆိုတာ ရှင်းပြပါ။ (သုံးသပ်ချက်၊ သက်ရောက်မှု ခွဲခြမ်းစိတ်ဖြာချက်၊ လုပ်ငန်းစဉ်ဆန်းစစ်သုံးသပ်ချက် သို့မဟုတ် ၃ ခုစလုံးပေါင်းစပ်မှု လိုအပ်ပါသည်။)

၃) အသုံးပြုသည့်**နည်းနာ** - မေးခွန်းများကို ဘယ်လို ဖော်ထုတ်သလဲ၊ သင်၏ အချက်အလက်ရင်းမြစ်များ(ဖြေကြားသူများ)နှင့် အချက်အလက်များကို ဘယ်လို စုစည်းယူသလဲဆိုတာ ရှင်းပြပါ။

၄) **ရှာဖွေတွေ့ရှိချက်များ** - အချက်အလက်ခွဲခြမ်းစိတ်ဖြာမှုမှ ရရှိလာသော ရလဒ်များကို ရှင်းပြပါ။

၅) **ထောက်ခံတင်ပြချက်များ**- ဆန်းစစ်သုံးသပ်ချက် ရလဒ်အပေါ်တွင် အခြေခံထားသည့် သင်၏ ထောက်ခံ အကြံပြုတင်ပြချက်ကို ရှင်းပြပါ။

၆) **နောက်ဆက်တွဲများ** - တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ အင်တာဗျူးပြုလုပ်ခဲ့သူစာရင်း၊ မေးခဲ့သည့် မေးခွန်းများ၊ ဇရိယာ၏ မြေပုံ စသည်ဖြင့် ပါဝင်ရပါလိမ့်မည်။

ဦးဆောင်ဆွေးနွေးသူသည် အောက်ပါအချက်အလက်များကို မှျဝေပြီး
သင်တန်းနှင့်ပတ်သက်၍ ကောက်ချက်ချပေးနိုင်ပါသည်။

| |
|---|
| အစီရင်ခံစာသည် အများပြည်သူ ဖတ်ရှုရန်ဖြစ်လျှင်၊ အဓိကအချက်များကို ဖေါ်ပြနိုင်ရန် ပါ ဝါပွိုင့် သရုပ်ပြကားချပ်များကို အသုံးပြုပြီး၊ ထောက်ခံချက်များ၊ အဓိကရလဒ်များကို အနှစ်ချုပ် နှုတ်ဖြင့် ရှင်းပြလို့ ရသည့် တင်ပြချက်တခုကို ပြင်ဆင်ထားနိုင်(လိုအပ်နိုင်)ပါသည်။ |

## သင်ထောက်ကူစာစဉ်၉ - ၁
## ဆန်းစစ်သုံးသပ်ခြင်းအစီရင်ခံစာပုံစံ

**(အကြောင်း၊ ရည်ရွယ်၊ ဖတ်သူခွဲခြမ်းစိတ်ဖြာချက်**

- အကြောင်းအရာ(သင် ဘာကို အလေးပေးဖော်ပြချင်တာလဲ။)
- ရည်ရွယ်ချက် (ရည်ရွယ်ချက်က ဘာလဲ။)
- ဖတ်သူ (ဘယ်သူက ဖတ်မှာလဲ။)

၁) **လုပ်ကိုင်ဆောင်ရွက်မှု အနှစ်ချုပ်-** ဆန်းစစ်လေ့လာခြင်းမှ တွေ့ရှိရသော တွေ့ရှိချက်များ၊ အကြံပြုတင်ပြချက်များ နှင့် အဓိကဆန်းစစ်သုံးသပ်ထားသော အကြောင်းအရာများနှင့် ပတ်သက်သည့် အနှစ်ချုပ်ကို (စာ ၂ ပိုဒ် ၃ ပိုဒ်)ရေးပေးပါ။

၂) **မိတ်ဆက်နိဒါန်း** - ဆန်းစစ်သုံးသပ်သည့်အကြောင်းအရာကို ရှင်းပြရန်နှင့် ဆန်းစစ်သုံးသပ်ချက်လုပ်ရသည့် ရည်ရွယ်ချက်များ၊ ဘယ်အတွက်လုပ်ရတာလဲ၊ ဆန်းစစ်သုံးသပ်သည့် အကြောင်းအရာကဘာလဲဆိုတာ ရှင်းပြပါ။ (သုံးသပ်ချက်၊ သက်ရောက်မှုခွဲခြမ်းစိတ်ဖြာချက်၊ လုပ်ငန်းစဉ်ဆန်းစစ်သုံးသပ်ချက် သို့မဟုတ် ၃ ခုစလုံးပေါင်းစပ်မှု လိုအပ်ပါသည်။)

၃)အသုံးပြုသည့် **နည်းနာ** - မေးခွန်းများကို ဘယ်လို ဖော်ထုတ်သလဲ၊ သင်၏အချက်အလက်ရင်းမြစ်များ(ဖြေကြားသူများ)နှင့် အချက်အလက်များကို ဘယ်လို စုစည်းယူသလဲဆိုတာ ရှင်းပြပါ။

၄) **ရှာဖွေ တွေ့ရှိချက်များ** - အချက်အလက်ခွဲခြမ်းစိတ်ဖြာမှုမှ ရရှိလာသော ရလဒ် များကို ရှင်းပြပါ။

၅) **ထောက်ခံတင်ပြချက်များ** - ဆန်းစစ်သုံးသပ်ချက် ရလဒ်အပေါ်တွင် အခြေခံထားသည့် သင်၏ ထောက်ခံ အကြံပြုတင်ပြချက်ကို ရှင်းပြပါ။

၆) **နောက်ဆက်တွဲများ** - တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ အင်တာဗျူးပြုလုပ်ခဲ့သူစာရင်း၊ မေးခဲ့သည့် မေးခွန်းများ၊ ဇရိယာ၏ မြေပုံ ထည့်ဖြင့်) ပါဝင်ရပါလိမ့်မည်။

ဦးဆောင်ဆွေးနွေးသူသည် အောက်ပါအချက်အလက်များကို မျှဆပြီး
သင်တန်းနှင့်ပတ်သက်၍ ကောက်ချက်ချပေးနိုင်ပါသည်။

အစီရင်ခံစာသည် အများပြည်သူ ဖတ်ရှုရန်ဖြစ်လျှင်၊ အဓိကအချက်များကို ဖော်ပြနိုင်ရန် ပါ ဝါပွိုင့် သရုပ်ပြကားချပ်များကို အသုံးပြုပြီး၊ ေ ထာက်ခံချက်များ၊ အဓိကရလဒ်များကို အနှစ်ချုပ် နှုတ်ဖြင့် ရှင်းပြလို့ရသည့် တင်ပြချက်တခုကို ပြင်ဆင်ထားနိုင်(လိုအပ်နိုင်)ပါသည်။

## စောင့်ကြည့်လေ့လာခြင်း နှင့် ဆန်းစစ်သုံးသပ်ခြင်းသင်တန်း
## *အဆုံးသတ်စစ်ဆေးမှု*

.
ကျေးဇူးပြုပြီး သင့်မှာရှိပြီးဖြစ်သော နံ့စပ်မှုနှင့် ကျွမ်းကျင်မှုတို့ကို သိရှိနိုင်ရန် အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁) စောင့်ကြည့်လေ့လာခြင်းဆိုတာဘာလဲ။

၂) ကျွန်ုပ်တို့ ဘာကြောင့် စောင့်ကြည့်လေ့လာမှု လုပ်ကြတာလဲ။

၃) ဘယ်သူတွေကို စောင့်ကြည့်လေ့လာမှုကို လုပ်ကြသလဲ။

၄) စောင့်ကြည့်လေ့လာမှုကို ဘယ်အချိန်မှာ လုပ်သလဲ၊

၅) လုပ်ငန်းတခုကို စောင့်ကြည့်လေ့လာမှု လုပ်သည့်အခါတွင် အရေးတကြီး ကြည့်သင့်သည့်အရာတွေက ဘာတွေလဲ။

၆) ညွှန်ကိန်းတွေက ဘာတွေလဲ။ ကျေးဇူးပြုပြီး ညွှန်းကိန်း ဥပမာတခု ပေးပါ။

၇) ဆန်းစစ်သုံးသပ်ခြင်းဆိုတာ ဘာလဲ။

၈) ပုံမှန်အားဖြင့် ဆန်းစစ်သုံးသပ်မှုကို မည်သည့်ရည်ရွယ်ချက်အတွက် လုပ်တာလဲ။

၉) ပုံမှန်အားဖြင့် ဆန်းစစ်သုံးသပ်မှုကို ဘယ်အချိန်မှာ လုပ်သလဲ။

၁၀) သင်သိသော စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းလုပ်ရာတွင် ကိုင်စွဲသည့်နည်းလမ်း များကို ချရေးပြပါ။

**REFERENCES**
**ရည်ညွှန်းချက်များ**

## REFERENCES


1. Perry, Valery,Sarajevo, Bosnia and Herzegovina, "*Did it Work?* The Basics of Evaluation and Assessment for NGOs", Sponsored by: International Rescue Committee (IRC): NGO Development Program

2. CIVICUS toolkits: Monitoring and Evaluation http://www.civicus.org/toolkits/managing-csos-toolkits

3. Gosling, Louisa with Mike Edwards,Toolkits: A practical guide to planning, monitoring, evalution and impact assessment, Save the Children – UK 2003 Pulbications